


# CBCM Herald

cbcmosc@gmail.com
၀၉၅ ၁ ၅၂၅၈၀၈

## စီဘီစီအမ် သတင်း

(၁)ရက်၊ စက်တင်ဘာလ၊ ၂၀၁၆ ခုနှစ်။
အတွဲ(၁)၊ အမှတ်(၉)














ကမ္ဘာအရပ်ရပ်သို့သွားကြ၍ဧဝံဂေလိတရားတော်ကိုဟောပြောကြလော့။
(မာကု ၁၆း၁၅)







**CBCM Herald (သတင်း)**

**နာယက**
ဆရာတော်ပီတာဂွီစ်ကျာခု

**အယ်ဒီတာချုပ်နှင့်ထုတ်ဝေသူ**
ဖာသာရ် လီအို နိန်းခန့်မန်

**ထုတ်ဝေခွင့်အမှတ်**
၀၁၇၂၅

**အယ်ဒီတာအဖွဲ့ဝင်များ**
ဖာသာရ် ဂျိမ်းဘရန်ဂျာ
ဖာသာရ်စောလောရင်းစ်
ဖာသာရ်ဝီလျံစိုး
ဖာသာရ် ဩဂုတ်စတင်းရွှေ
ဖာသာရ် ဘရန်မိုင်

**ဖြန့်ချီရေးတာဝန်ခံများ**
အာနားလွန်း၊ ကိုလန်ဘန်
သာသနာ(၁၆)ခုနှင့် သူတော်စင်ဂိုဏ်းများမှ
လူထုဆက်သွယ်ရေးတာဝန်ခံများ

**ဒီဇိုင်းဖွဲ့စည်းပုံ**
စစ္စတာရ်ဒေါမိန်စ်ဖန်၊ ရှိစ့်မေရီ

**ပုံနှိပ်တိုက်**
စိန်ဖေးဗီးယားပုံနှိပ်တိုက် (၀၀၂၆၂)
အမှတ်(၂၇)ဖဆပလရပ်ကွက်၊ ဂျိုးဖြူလမ်း
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။

**CBCM Herald သတင်းစာရုံးခန်း**
မြန်မာနိုင်ငံကက်သလစ်ဆရာတော်ကြီးများကျောင်း
လူထုဆက်သွယ်ရေးရုံးခန်း
၂၉၂(က)၊ ပြည်လမ်း၊ စမ်းချောင်း၊ ရန်ကုန်
ဖုန်း ၀၁ ၅၂၅၈၀၈
cbcmosc@gmail.com

**အတိုင်ပင်ခံများ**
CBCM အထွေထွေအတွင်းရေးမှူး၊
ငြိမ်းချမ်းရေးနှင့် တရားမျှတရေးကော်မရှင်၊
ကက်သလစ်ရှေ့နေများအဖွဲ့။

**ငွေလွှဲရန်**
ရိုးမဘဏ် နှင့် ကမ္ဘောဇဘဏ် မြေနီကုန်း၊ ရန်ကုန်။
နော်မြတ်နှင်းထွေး (၁၄/ဟသတ(နိုင်)၂၄၆၀၉၅
မဒမ်ဝိုက်လွန်း ၁၂/ဥကတ(နိုင်) ၁၅၇၃၃၂

**စက်တင်ဘာလအတွက်**
**ရဟန်းမင်းကြီး၏ဆုတောင်းရန်**
**ရည်ရွယ်ချက်**

**ကမ္ဘာတစ်ဝှမ်းလုံးအတွက်ဆုတောင်းရန်ရည်ရွယ်ချက်မှာ-**
လူအများကောင်းကျိုးအတွက် လူသားတစ်ဦးစီပါဝင်ခြင်းနှင့်လူ့ပုဂ္ဂိုလ်ကိုအဓိကထားသောလူမှုရေးအဖွဲ့အစည်းများတည်ဆောက်နိုင်ရန်။
**သာသနာတော်အတွက်ဆုတောင်းပေးရန်ရည်ရွယ်ချက်မှာ-**
ခရစ်စတီယာန်တို့သည်ကိုယ်တော်မြတ်ဆိုင်ရာဝတ်ပြုခြင်းများ၌ပါဝင်ခြင်းနှင့်သမ္မာကျမ်းစာကိုထောက်ရှုခြင်းဖြင့်မိမိတို့၏သာသနာပြန့်ပွားရေးလုပ်ငန်းဆောင်တာကိုပိုမိုသတိမူနိုင်စေရန်။

# ကျေးဇူးတင်မှတ်တမ်း

မြန်မာနိုင်ငံလုံးဆိုင်ရာ ပထမဆုံးကက်သလစ် ဓမ္မတေးသီချင်းဆိုပြိုင်ပွဲ နောက်ဆုံးပြိုင်ပွဲကျင်းပခြင်း၊ ကက်သလစ်ဖန်တီးမှု အနုပညာရှင်များ၏ လေးနက်ပြည့်ဝမွေးနေ့နှင့် အာရှဒေသဆိုင်ရာ နိုင်ငံအသီးသီးမှ ဆက်သွယ်ရေးလုပ်ဆောင်နေကြသောသူများတွေ့ဆုံပွဲတို့ကို ၂၄ရက်၊ ဩဂုတ်လ ၂၀၁၆ ခုနှစ်တွင် ရန်ကုန်ကက်သလစ်ဂိုဏ်းချုပ် ဆရာတော်ကြီးကျောင်းရှိ မိုးလုံခန်းမဆောင်၌ ပြုလုပ်ကျင်းပခဲ့ရာ ကောင်းမွန် အောင်မြင်စွာ ကျင်းပနိုင်ခဲ့သည့်အတွက်ဘုရားရှင်ကို ဦးစွာကျေးဇူးတင်ပါ သည်။

TRINÀ STARသီချင်းဆိုပြိုင်ပွဲတွင်ဆုရရှိသူများမှာ
(၁)။ဖိုးလုံး(Winner)မန္တလေးဂိုဏ်းချုပ်သာသနာ
(၂)။မေရီ(1st runner)တောင်ငူသာသနာ
(၃)။လသွေးဉာဏ(2nd runner)ပြည်သာသနာ
(၄)။ဆိုဖီယာ(3rd runner)ပုသိမ်သာသနာ
(၅)။ ဇော်ရိန်အောင်(4th runner) ဗန်းမော်သာသနာတို့ဖြစ်ကြပါသည်။

သီချင်းဆိုပြိုင်ပွဲဖြစ်မြောက်ရန်အတွက် အဖက်ဖက်မှပါဝင်ကူညီပေးကြသည့်သူအားလုံးကို ကျေးဇူးအထူးတင်ပါသည်။

သီချင်းဆိုပြိုင်ပွဲပြုလုပ်ကျင်းပနိုင်ရန် လမ်းညွှန်ပေးသည့် မြန်မာနိုင်ငံလုံးဆိုင်ရာ ကက်သလစ်ဆရာတော်များအဖွဲ့ချုပ်၊ သာသနာအသီးသီးမှ လူထုဆက်သွယ်ရေးတာဝန်ခံများ၊ (CCAA)အကဲဖြတ်ဒိုင်လူကြီးများ၊ တေးသီချင်းရေးသားပေးပါသော တေးရေးဆရာများ၊ တီးခတ်ပေးကြသည့် (Ga Tam ) Band၊ သီချင်းဆိုပြိုင်ပွဲတိုင်းတွင် စတင်ယှဉ်ပြိုင်ကြသည့် ညီငယ်၊ညီမငယ်များအားလုံး၊ နောက်ဆုံးပြိုင်ပွဲကို ကောင်းမွန်စွာပြုလုပ်နိုင်ရန် နေရာနှင့် ညနေစာပြင်ဆင်ပေးသည့် ရန်ကုန်ကက်သလစ်ဂိုဏ်းချုပ်ဆရာတော်ကြီးချားလ်စ်ဘို၊ ဆရာတော်ဂျွန်စောယောဟန်၊ Fr. Saw Noel နှင့် အဖွဲ့သားများအားလုံး၊ St. Mary's Cathedral တွင် ကျေးဇူးတင်မစ္စားပူဇော်ပေးကြသည့် မန္တလေးဂိုဏ်းချုပ် ဆရာတော်ကြီး (ငြိမ်း)ပေါလ်ဇိန်းထုန်းဂရောင်နှင့် ပြည်ဂိုဏ်းအုပ်ဆရာတော် အလက်ဇန္ဒားပြူးချို၊ ကာသီဒြယ်ကို အသုံးပြုခွင့်ပေးသည့်ကျောင်းထိုင်ဘုန်းတော်ကြီးဒေါမိနစ်သက်တင် နှင့် သက်ဆိုက်ရာတာဝန်ရှိသူများအားလုံး၊ နောက်ဆုံးသီချင်းဆိုပြိုင်ပွဲတွင် အမှတ်ပေးဒိုင်လူကြီးများဖြစ်ကြသော နိုင်ငံကျော်တေးသံရှင် ကေဂျာနူး၊ နိုင်ငံ ကျော်တေးသံရှင် နွဲ့ယဉ်ဝင်း၊ တေးရေးတေးဆို ဆေးရယ်နှင့်ရယ်ကီ၊ အခမ်းနားမှူးများအဖြစ် ဆောင်ရွက်ပေးပါသော တေးသံရှင် ဆိုင်းနော်နှင့် သံသာဝင်း၊ စီစီအေအေ အဖွဲ့သားများအားလုံး၊ အာရှဒေသဆိုင်ရာ (Signis ) ကိုယ်စားလှယ်တော်များ၊ တိုင်းရင်းသားအကများဖြင့် အားဖြည့်ပါဝင်ပေးပါသော ကချင်တိုင်းရင်းသားအက၊ ကရင်တိုင်းရင်းသားအက၊ ချင်းတိုင်းရင်းသားအက၊ ရှမ်းတိုင်းရင်းသားအက၊ ဗမာအက နှင့် Miral musical အဖွဲ့သားများ၊ အလှူတော်ငွေများပေးလှူသည့် CCAA မှ ဆုတော်ငွေများအားလုံး ကျပ် နှစ်ဆယ့်ခြောက်သိန်း)၊ (ကျပ် ၅၀၀၀၀ သိန်း အမည်မဖော်လိုသူ နှင့် (ကျပ်တစ်သိန်း တေးသံရှင်ချမ်းချမ်း)၊ အခမ်းအနားကိုမှတ်တမ်းတင်ရိုက်ကူးပေးသည့် White Legend၊ MRTV4၊ Skynet တို့ကိုလည်းကောင်း၊ ဆုတောင်းခြင်း၊ အကြံကောင်းများကိုပေးခြင်း၊ လမ်းညွှန်ပေးခြင်း နှင့် အဖက်ဖက်မှ ဝိုင်းဝန်းပံ့ပိုးပေးကြသူများ အားလုံးကို ကျေးဇူးတင်ပါကြောင်း မြန်မာနိုင်ငံလုံးဆိုင်ရာ ကက်သလစ်လူထုဆက်သွယ်ရေးရုံးမှ မှတ်တမ်းတင်အပ်ပါသည်။**Fr.Leo Mang(CBCM-OSC)**

## ကက်သလစ်ဆရာတော်ကြီးများဆိုင်ရာသတင်းလွှာထုတ်ဝေခြင်း၏ရည်ရွယ်ချက်

- ဖဝံဂလိသတင်းကောင်းကို ထပ်ဆင့်သယ်ပိုးဆောင်ရွက်နိုင်စေရန်။
- ရဟန်းမင်းကြီးနှင့် အသင်းတော်တစ်ခုလုံးဆိုင်ရာနောက်ဆုံးရသတင်းများကိုအချိန်မှီပို့ဆောင်နိုင်ရန်။
- မြန်မာနိုင်ငံရှိသာသနာအသီးသီး၊သူတော်စင်ဂိုဏ်းအသီးသီးနှင့်CBCMကော်မရှင်အသီးသီးတို့သည်နီးကပ်စွာဆက်သွယ်နိုင်စေရန်။
- မြန်မာနိုင်ငံသားများအားလုံးကိုကောင်းသောသတင်းများအချိန်မှီ(တစ်လတွင်နှစ်ခါ)ထုတ်ဝေရန်၊နောက်ပိုင်းတွင် အထူးသဖြင့် online ဖြင့်ပေးပို့နိုင်ရန်။
- အာရှသမ္မာတရားလေလှိုင်းအသံ၏ သတင်းထုတ်လွှင့်ခြင်းများကို အထောက်အကူဖြစ်စေရန်။

## စာစောင်အတွက်ဖိတ်ခေါ်ခြင်း

- CBCM Herald သတင်းစာဖတ်သူများ၏ ဝယ်ယူအားပေးမှုသည် ဤစာစောင်ကို ပုံမှန်ဆက်လက် ထုတ်ဝေနိုင်၍ ပိုမိုကောင်းမွန်တိုးတက်လာစေရန် အဓိကအသက်ဖြစ်ပါသည်။
- စာစောင်ကို မိမိတို့နှင့်အနီးစပ်ဆုံး ကက်သလစ်ဆရာတော်ကြီးကျောင်းတိုက်ရှိ လူထုဆက်သွယ်ရေးရုံးများနှင့် parishတိုင်းတွင် ပုံမှန်ရရှိနိုင်သကဲ့သို့ CBCM-OSC ရုံး(ဖုန်း ၀၁ ၅၂၅၈၀၈)သို့ ဆက်သွယ်ကာ အားပေးမှာယူနိုင်ပါသည်။
- သာသနာအသီးသီးမှသော်လည်းကောင်း၊ သူတော်စင်ဂိုဏ်းအသီးသီးမှသော်လည်းကောင်း၊ သတင်းများကို cbcmosc@gmail.com သို့ပေးပို့နိုင်ပါသည်။
- စာစောင်တွင်ကြော်ငြာများကိုလည်း ထည့်နိုင်သလို အလှူဒါနများကိုလည်း ကြိုဆိုလက်ခံနေပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။ (အယ်ဒီတာချုပ်)

# ဆီးရီးယားဒုက္ခသည်အချို့နှင့်ဗာတီကန်၌ ပုပ်ဖရန်စစ်နေ့လည်စာအတူဘုန်းပေး

ဗာတီကန်ရှိ ဆန်တာမားတာအဆောင်တွင် ပုပ်ရဟန်းမင်းကြီးဖရန်စစ်အရှင်သူမြတ်သည် ပြီးခဲ့သည့် ကြာသပတေးနေ့က ဆီးရီးယားဒုက္ခသည် ၂၁ ယောက်တို့ဖြင့် အတူတကွနေ့လည်စာကို ဘုန်းပေးသုံးဆောင်ခဲ့ပါသည်။ နေ့လည်စာအချိန်အတွင်း ဒုက္ခသည်လူကြီးကလေးအားလုံးတို့သည် အရှင်သူမြတ်နှင့်စကားပြောဆိုနိုင်ကြပြီး အီတလီတွင် နေထိုင်ရသည့်၄င်းတို့၏ဘ၀၊ ပထမဆုံးအခြေချပုံများကို ဝေမျှခဲ့ကြကြောင်း၊ ဒုက္ခသည်ကလေးငယ်များတို့က ၄င်းတို့ဆွဲထားသော ရုပ်ပုံများကို အရှင်သူမြတ်အား လက်ဆောင်အဖြစ် ပေးအပ်ကာ အရှင်သူမြတ်ကလည်း အရုပ်များနှင့်လက်ဆောင်များကို ကလေးတို့အားပေးခဲ့ပါသည်။ ရောမမြို့တွင်နေထိုင်သော ဒုက္ခသည်များမှာ စိန့်အက်ဂျီးဒီယို အဖွဲ့အစည်းမှ တာဝန်ယူခြင်းဖြစ်ကာ ဧပြီလ ၁၆ ရက်နေ့က ဂရိကျွန်းသို့ အရှင်သူမြတ်၏ ခရီးစဉ်အပြီးတွင် ၄င်းတို့အားလက်စဘော့မှ ခေါ်ဆောင်လာခဲ့ခြင်းဖြစ်ကြောင်း၊ ဒုက္ခသည်ပထမအုပ်စုမှာ အရှင်သူမြတ်၏လေယာဉ်ပေါ်တွင် တစ်ပါးတည်းခေါ်ဆောင်လာခဲ့ပြီး ဒုတိယအုပ်စုကတော့ အရှင်သူမြတ်၏တောင်းခံမှုဖြင့် ဇွန်လလယ်ပိုင်းတွင် ရောမမြို့သို့ ရောက်ရှိလာခဲ့ပါသည်။



အရှင်သူမြတ်နှင့် နေ့လည်စာသုံးဆောင်ရာတွင် အတူပါရှိသောသူများမှာ၊ ဒုက္ခသည်ကလေးများအပြင်၊ ဗာတီကန်ဝန်ကြီးချုပ်၊ ဂိုဏ်းချုပ်ဆရာတော်ကြီး Angelo Becciu ၊ စိန်အက်ဂျီးဒီယို အဖွဲ့ကိုတည်ထောင်သူ Professor Andrea Riccardi, နှင့် အသင်းဝင်များ၊ ဗာတီကန်တပ်မှူးချုပ် Doctor Domenico Giani; နှင့် လက်စဘော့စ်မှ အီတလီသို့ ဒုက္ခသည်များပြောင်းရွှေ့ရာတွင် ကူညီသူ အခြားတပ်မှူးနှစ်ဦးတို့လည်း ပါရှိသည်ဆိုခြင်းကို ဗာတီကန်ရေဒီယိုမှ သတင်းရရှိပါသည်။ (RVA)

# အသင်းတော်ကြီးသည် ဗျူရိုကရေစီအရာရှိများထက် နှလုံးသား အပြည့်ရှိသည့်သာသနာပြုများအားလိုအပ်

တနင်္ဂနွေနေ့ အန်ဂျေလူးမေတ္တာ ရွတ်ဆိုရာတွင် ပုပ်ရဟန်းမင်းကြီး ဖရန်စစ်အရှင်သူမြတ်သည်၊ သန့်ရှင်းသော ဝိညာဉ်တော်ဘုရား၏ မီးလျှံအကြောင်းကို ဟောကြားခဲ့ရာတွင်၊ အသင်းတော်ကြီးသည် ဗျူရိုကရေစီအရာရှိများကိုမဟုတ် နှလုံးသားအပြည့်ဖြင့် ဆက်ကပ်ကြသည့် သာသနာပြုများအား လိုအပ်သည်ဟု မြွက်ကြားခဲ့ပါသည်။

"တောက်လောင်နေသည့် နှလုံးသားမီးလျှံမပါပဲ ရှင်သန်နေတဲ့အသင်းတော်ဟာ အေးတိအေးစက် သို့မဟုတ် မပူမအေးဖြစ်နေသော ခရစ်ယာန်များနှင့်ဖွဲ့စည်းထားတဲ့ မပူမအေး အသင်းတော်သာ ဖြစ်နေပါမယ်" ဟုဆိုကာ ဘုရားဖူးပရိတ်သတ်များ အား မိမိတို့ကိုယ်စီ၏ အကျင့်ပုံစံများကို ထောက်ရှုဆင်ခြင်ကြရန် နှိုးဆော်ခဲ့ပါသည်။ အရှင်သူမြတ်၏ နှိုးဆော်မိန့်မြွက်စကားမှာ တနင်္ဂနွေနေ့၊ စိန်ပီတာရင်ပြင်တော်တွင် စုရုံးကြသော ဘုရားဖူးများအား မြွက်ကြားခဲ့ခြင်းဖြစ်ပါသည်။ ထိုနေ့ကျမ်းစာတော်မြတ်ကို ညွှန်းဆို၍အရှင်သူမြတ်ကထောက်ရှုတရားပေးခဲ့သည်မှာ သန့်ရှင်းသော ဝိညာဉ်တော်သည်၄င်း၏ မီးလျှံတော်ဖြင့် ကျွန်ုပ်တို့အားလုံး၏နှလုံးသားတိုင်းကို ထွန်းတောက်စေကာ ချစ်ခြင်းမေတ္တာထားတတ်သူများ ဖြစ်ရန် သခင်ခရစ်တော်က အလိုရှိကြောင်း၊ ဒီတောက်လောင်တဲ့မီးလျှံဟာ ကျွန်ုပ်တို့နှလုံးသားကို အသစ်ပြုပြင်စေပြီး သန့်ရှင်းစင်ကြယ်စေတဲ့ တီထွင်နိုင်စွမ်းရှိကြောင်း၊ ဒီမီးလျှံတော်ဟာ၊ လူသားအားလုံးတို့၏ နက်နဲဖွယ် အားလုံးကို တောက်လောင်စေတဲ့မီး၊အားလုံးသော တစ်ကိုယ်ကောင်းဆန်မှု၊အားလုံးသော အပြစ်တွေကို လောင်ကျွမ်းစေတဲ့ မီးဖြစ်ကာ ပြောင်းလဲစေသော မီးလျှံလည်းဖြစ်ကြောင်း သန့်ရှင်းသော ဝိညာဉ်တော်၏ လုပ်ဆောင်ချက်တွေမှာ ကျွန်ုပ်တို့အပြည့်အဝ ဖွင့်ဟထားမယ် ဆိုလျှင်၊ သခင်ခရစ်တော်ရဲ့ ချစ်ခြင်းမေတ္တာ သနားကြင်နာခြင်း အပြုအမူများကို ပြုဖို့နှင့် သခင်ခရစ်တော်၏ သတင်းကောင်းကို ကြေငြာဖို့ ခွန်အားသတ္တိတွေကို ဝိညာဉ်တော်က သွန်းလောင်းပေးမှာ ဖြစ်ပါတယ်။ သို့သော် မီးလျှံဟာ ကျွန်ုပ်တို့ရဲ့ အတွင်းနှလုံးသားမှ လာခြင်းဖြစ်သည်ဟုလည်း အရှင်သူမြတ်ကဆိုပါသည်။

"ဒုက္ခသည်များ၊ နက်နဲဖွယ်အမျိုးမျိုးနှင့်ကြုံတွေ့နေရသူ၊ လိုအပ်သူ၊ ဝေဒနာသည်အားလုံးတို့ထံ အရောက်သွားနိုင်မည့် သာမာန် လူဝတ်ကြောင် ဘာသာဝင်တွေ၊ သစ္စာသုံးပါးခံ သူတော်စင်တွေ၊ ရဟန်းတော်တွေ များစွာလိုအပ်ပါတယ်။ ကမ္ဘာတစ်ဝှမ်းမှ မိမိတို့ရဲ့အသက်ကိုပင် စွန့်သည့်တိုင် သခင်ခရစ်တော်ရဲ့ သတင်းကောင်းကို သစ္စာရှိစွာ ကြေငြာဟောပြောနေကြတဲ့ ရဟန်းတော်များ၊ အမျိုးသား အမျိုးသမီး သူတော်စင်များ၊ သာမာန်ဘာသာဝင် လူဝတ်ကြောင်များ အားလုံးဟာ ကျွန်ုပ်တို့ရဲ့စံနမူနာ ယူထိုက်သူများဖြစ်ကြပြီး သူတို့ရဲ့ သက်သေခံချက်တွေက ဘာပြောနေလည်းဆိုလျှင်၊ အသင်းတော်ကြီးဟာ ဗျူရိုကရေစီအရာရှိတွေ၊ ဝိရိယရှိတဲ့ ဝန်ထမ်းတွေကို လိုအပ်တာမဟုတ်ပဲ နှလုံးသားအပြည့်နှင့်ဆက်ကပ်ကြမည့်သာသနာပြုတွေ၊ သခင်ခရစ်တော်ရဲ့ နှစ်သိမ့်ခြင်းစကားတွေကို လူသားတွေထံ အရောက်သယ်ဆောင်ပေးနိုင်မယ့် သာသနာပြုတွေကို လိုအပ်တယ်ဆိုတဲ့အချက်ပါ ဟုဆိုကာ ကျွန်ုပ်တို့ရဲ့ နှလုံးသားဟာ သန့်ရှင်းသော ဝိညာဉ်တော်ရဲ့မီးလျှံကို လက်ခံယူနိုင်ကြမယ့်နှလုံးသားတွေ ဖြစ်ကြရဲ့လား ဆိုသည်ကို ထောက်ရှု စဉ်းစားကြရပါမယ်" ဟု ဘုရားဖူး ပရိတ်သတ်များအား အရှင်သူမြတ်က မြွက်ကြားခဲ့ပါသည်။

ထို့နောက် အရှင်သူမြတ်သည် အန်ဂျေလူးမေတ္တာ ရွတ်ဆိုရင်း သန့်ရှင်းသော ဝိညာဉ်တော်မီးလျှံဖြင့် တောက်လောင်နေသောနွေးထွေးသည့် နှလုံးသားများရရှိရန် အမိမယ်တော်မှ တစ်ဆင့်ဆုတောင်းကြပါစို့ ဟုဆိုကာ အစဉ်အမြဲ သနားကြင်နာခြင်းထားကာ တစ်ပါးသူအပေါ် ခွင့်လွှတ်တတ်သူများဖြစ်ဖို့ ကြိုးစားကြပါဟုလည်း အရှင်သူမြတ်ပုပ်ဖရန်စစ်က စိန်ပီတာရင်ပြင်တွင် စုရုံးကြသော ဘုရားဖူးပရိတ်သတ်များအားမြွက်ကြားခဲ့ကြောင်း ဗာတီကန်ရေဒီယိုမှ သတင်းရရှိပါသည်။

(RVA)

## ပုပ်ရဟန်းမင်းကြီးနှင့်ပြင်သစ်သမ္မတတို့တွေ့ဆုံ

ပုပ်ရဟန်းမင်းကြီးဖရန်စစ်နှင့်ပြင်သစ်နိုင်ငံသမ္မတ Francois Hollande တို့သည် ပြင်သစ်နိုင်ငံ Rouen တွင် ဘုန်းတော်ကြီး Hamel မစ္ဆားပူဇော်နေစဉ်အတွင်း ရက်စက်စွာအသတ်ခံရသော အဖြစ်အပျက်အပြီး သုံးပတ်အလွန် ၁၇၊၈၊၂၀၁၆(ဗုဒ္ဓဟူး)နေ့တွင် အထူးသီးသန့်တွေ့ဆုံမှုအတွက် ရဟန်းမင်းကြီးသည် အလွန်ကျေနပ်မိပါကြောင်း၊ ဘုန်းတော်ကြီး၏ အသတ်ခံရခြင်းသည် ပြင်သစ်လူများစွာကို ထိခိုက်နာကျင်စေခဲ့ပါကြောင်းနှင့် ထိုတွေ့ဆုံခြင်းအတွက်ရဟန်းမင်းကြီးသည် ပြင်သစ်သမ္မတအား အထူးကျေးဇူးတင်မိပါကြောင်းကိုလည်း ပြောကြားခဲ့ပါသည်။ သမ္မတကြီးသည် ရဟန်းမင်းကြီးနှင့်တွေ့ဆုံရန် ဗာတီကန်သို့ ပြင်သစ်အတွင်းဝန် Bernard Cazenuve ၊ ပြင်သစ်နှင့်ဗာတီကန်သံအမတ် Phippe Zeller တို့နှင့် အတူရောက်ရှိလာခဲ့ခြင်းဖြစ်သည်။ ပုပ်ရဟန်းမင်းကြီးနှင့် ပြင်သစ်သမ္မတတို့၏ ထိုသို့တွေ့ဆုံမှုသည် ၂၀၁၄ခုနှစ်တွင် တစ်ကြိမ်ပြုလုပ်ခဲ့ပြီး ယခုအကြိမ်တွေ့ဆုံမှုမှာ ဒုတိယအကြိမ်မြောက်တွေ့ဆုံမှုတစ်ခုဖြစ်ကြောင်း ဗာတီကန်ရေဒီယိုမှသတင်းရရှိပါသည်။(CBCM_OSC)





# ဘုရားသခင်သည်ကျွန်ုပ်တို့အား နှိုးကြားရန် မိန့်ကြားနေ

ပုပ်ရဟန်းမင်းကြီး ဖရန်စစ်သည် ဩဂုတ်လ(၁၀)ရက် ဗုဒ္ဓဟူးနေ့ ၂၀၁၆ တွင်လူထုပရိတ်သတ်နှင့် တွေ့ဆုံရာ၌ ဘုရားသခင်သည် ကျွန်ုပ်တို့အားလုံးကို "နှိုးကြားရန်" အလိုရှိနေပါသည်။ ဂျူဘီလီ၏သန့်ရှင်းသောတံခါးကြီးသည် လူသားတို့၏နာကျင်ခြင်းနှင့် ဘုရားသခင်၏ ကြင်နာခြင်းတို့ တွေ့ဆုံရာနေရာ ဖြစ်ပါသည်။ ပုံပမာလေး၏ အဓိကအနှစ်သာရသည် အာနုဘော်တစ်ခုမဟုတ်ပါ။ သခင်ခရစ်တော်၏ သားတစ်ဦးမှ မိခင်မုဆိုးမအပေါ် ထားသော သနားကြင်နာခြင်းသာလျှင် အဓိကဖြစ်သည်။ လင်မရှိသော မုဆိုးမတစ်ဦး မိမိ၏ သေဆုံးသွားသောသားငယ်ကိုသင်္ဂြိုဟ်ရန် သွားသောလမ်းပေါ်၌ ခရစ်တော်နှင့်တွေ့ဆုံသောအခါ အမျိုးသမီး၏ ကြီးမားသော ကြင်နာခြင်းသည် ခရစ်တော်အား "ထမြောက်ခြင်းအာနုဘော်ကို လုပ်ဆောင်ရန် အပြင်းအထန်နိုးဆော်စေခဲ့ပါသည်။ သနားကြင်နာခြင်းသည် ကြီးမားသောချစ်ခြင်းကိုဆိုလိုပါသည်။

ကြီးမားသောချစ်ခြင်း၏ စွမ်းဆောင်ချက်သည် ခရစ်တော်အား သေခြင်းနှင့် ထိပ်တိုက်တွေ့စေရန် အသေခံသည်အထိ ဦးဆောင်နိုင်ခဲ့သည်။ ထို့အတွက်ပင် ခရစ်တော်သည် ကားတိုင်တင်အသတ်ခံခဲ့သည် ယခုဂျူဘီလီနှစ်အတွင်း၌ ယုံကြည်သူသားသမီးအပေါင်းတို့သည် သမ္မာကျမ်းစာထဲမှ Nain မြို့သို့ဝင်ရန် ဂိတ်ပေါက်၌ ဖြစ်ပေါ်ခဲ့သော ကျမ်းစာအဖြစ်အပျက်ကို အမြန်လုံး သွင်းဆင်ခြင်ရန် လိုအပ်ပါသည်။ ခရစ်တော်သည် မိခင်၏မျက်ရည်ကို မြင်မိသောအခါ "ခရစ်တော်၏ နှလုံးအိမ်ထဲ၌ မိခင်သည်နေရာယူထားပြီး ဖြစ်သည်။" ယခု သန့်ရှင်းသောတံခါး Holy door ၌လည်း လူတိုင်းသည် မိမိတို့၏ ဘဝ၊ ပျော်ရွှင်ခြင်း၊ ဒုက္ခနှင့်စီမံကိန်း၊ ချိုးနှိမ်ခြင်းများ၊ သံသယနှင့်ကြောက်ရွံ့ခြင်းများကို ယူဆောင်လာလျက် ဘုရား၏သနားခြင်းရှေ့တွင် ချထားပြီးဖြစ်ပါသည်။ ၎င်းတံခါး၌ ခရစ်တော်သည်ကျွန်ုပ်တို့နှင့် အလွန်နီးကပ်စွာရှိနှင့်ပြီးဖြစ်ကြောင်း ကျွန်ုပ်တို့တစ်ဦးစီနှင့်စကားပြောဆိုရန် "မငိုပါနှင့်"ဟုသော နှစ်သိမ့်စကားကိုပြောရန် အဆင်သင့်ရှိနေပါသည်။

ထိုတံခါးသည် (Holy door) ဘုရားသခင်၏ ကြင်နာမှုနှင့် လူသား၏နာကျင်မှုကို ထိပ်တိုက်တွေ့ဆုံရန် နေရာဖြစ်ပါသည်။ တံခါးဝသို့ ဖြတ်လျှောက်ခြင်းဖြင့် ကျွန်ုပ်တို့သည် ဘုရားသခင်က "ငါအမိန့်ရှိ၏ထလော့" ဟုကျွန်ုပ်တို့တစ်ဦးစီအား ပြောကြားနေသော သနားခြင်းကရုဏာဆီသို့ ဝင်ရောက်နေခြင်းဖြစ်ပါသည်။ ကျွန်ုပ်တို့အားလုံးကို နှိုးကြားရန် ကိုယ့်ခြေထောက်အစုံပေါ် ယုံကြည်ချက်အပြည့်ဖြင့် ရပ်တည် ရှင်သန်ရန် ဘုရားသခင်အလိုရှိပါသည်။ ခရစ်တော်သခင်၏ တန်ခိုးရှိသော အမိန့်တော်စကားသည် ကျွန်ုပ်တို့ကိုရှင်သန်စေနိုင်ကာ သေခြင်းမှ အသက်ရှင်ခြင်းဆီသို့ ပြန်လည်ရရှိစေနိုင်ပါသည်။ သူ၏နှုတ်တော်ထွက်စကားသည် ကျွန်ုပ်တို့ကိုပြန်ပြီး အသက်ဝင်စေသည်။ မျှော်လင့်ခြင်းကိုပေးသည်။ နွမ်းနယ်သော နှလုံးသားအတွက် ချွေးသိပ်နားခိုရာ ဖြစ်စေပါသည်။ ထို့အပြင် ဒုက္ခနှင့်သေခြင်း၏ ခါးသီးခြင်းကို အောင်မြင် ကျော်လွှားသွားနိုင်သော လုပ်သည့် ကမ္ဘာကြီးကိုမြင်တွေ့စေနိုင်ပါသည်။ သနားခြင်း၏ ခရီးသည် နှလုံးသားမှမြစ်ဖျားခံစတင်လျက် လက်ချောင်းများဆီသို့



ရောက်ရှိမည့်အရာဖြစ်သည်။

**မည်သည့်အရာကို ဆိုလိုပါသနည်း။** ခရစ်တော်သည် သင့်ကိုသနားခြင်းဖြင့်ကြည့်ကာ စကားဆိုလိုက်သည်မှာ "ထလော့" ထိုအခါသင်၏နှလုံးသားသည် အသစ်သောနှလုံးသား ဖြစ်သွားသည်။ သနားခြင်းခရီးသည် နှလုံးသားမှစတင်ကာ လက်ချောင်းများဆီသို့ ရောက်ရမည်"ဟုဆိုရာ၌ ထိုနှလုံးသားအသစ်(ခရစ်တော်ကပေးသောနှလုံးသား) မှလာသော အရာသည် ဘုရားသခင်၏စကားမှန်သမျှကို ပြန်လည်လိုက်နာ လုပ်ဆောင်ရန် လက်ကိုလှုပ်ရှားစေနိုင်ပါသည်။ ကူညီပေးလိုစိတ်၊ လိုအပ်သူတိုင်းကို ကုသရန် ကူညီရန်ဖြစ်လာပါသည်။

သနားခြင်းခရီး၏ အစသည်နှလုံးသားဖြစ်ပြီး လက်များဆီသို့ ဆီးဝင်ခြင်းဟူသည် ကရုဏာလုပ်ငန်းများကို လက်တွေ့လုပ်ဆောင်ခြင်းပင် ဖြစ်သည်။ ပုပ်ရဟန်းမင်းကြီးသည် မိမိ မိန့်ခွန်း၏ အဆုံး၌ တံခါးအဝင်နှင့်အထွက်ဟူ၍ Holy door နှစ်ခုတည်ဆောက်ခဲ့သော ဆရာတော်တစ်ပါး၏ အကြောင်းကိုပြန်ပြောပြခဲ့သည်။ အဘယ်ကြောင့်ဆိုသော် ပထမတံခါးကို ဝင်ခြင်းဖြင့် အမှားများအတွက် အခွင့်တောင်းပန်ရန်နှင့် ဘုရားသခင်၏သနားကြင်နာခြင်းကိုရယူပိုင်ဆိုင်နိုင်ရန်၊ အခြားတံခါးမှ ပြန်ထွက်သောအခါ ဘုရားသခင်၏သနားခြင်းကို အပြည့်အဝခံစားရသောသူအဖြစ် နီးစပ်သူများထံသို့ ကရုဏာလုပ်ငန်းများလုပ်ဆောင်ခြင်းဖြင့် ဘုရားသခင်၏ သနားခြင်းကို သယ်ဆောင်ပေးရန် ဖြစ်ကြောင်းပြောပြခဲ့သည့်အပြင် ထိုဆရာတော်သည် အလွန်အတွေးအခေါ်ထက်မြက်သော၊ ဖြတ်ထိုးဉာဏ်ကောင်းလွန်းသောဆရာတော်တစ်ပါးဖြစ်သည်"ဟု ချီးကျူးစကားဆိုခဲ့ကြောင်း ဗာတီကန်ရေဒီယိုမှ သတင်းရရှိပါသည်။ **(CBCM-OSC)**

# ဆီးရီးယားနိုင်ငံ၌ငြိမ်းချမ်းရေးရရှိရန်ပုပ်ရဟန်းမင်းကြီးမေတ္တာရပ်ခံ

"ချစ်လှစွာသော ညီအစ်ကိုမောင်နှမတို့ယခုတစ်လော ဝမ်းနည်းစရာသတင်းတွေ ကျွန်ုပ်ဆီမှာ အဆက်မပြတ်ရောက်ရှိလာပါတယ်။ အဲ့ဒါကတော့ Syria နိုင်ငံမှာ လက်နက်ကိုင်တပ်ဖွဲ့တွေ တိုက်ခိုက်နေကြတယ်ဆိုတဲ့သတင်းပဲ။ Aleppo မြို့ရဲ့တိုက်ခိုက်မှုဟာ အဆိုးရွားဆုံးပဲ ဖြစ်နေတယ်။ အဲ့ဒီနေရာမှာ ရန်သူတွေကို ခုခံနိုင်တဲ့သူတွေမရှိသလောက် နည်းပါးပါတယ်။ ကလေးငယ်တွေဟာ အာဏာ၊ လောဘရမ္မက်သားကောင်တွေအတွက် ဓားစာခံဖြစ်နေရတာဟာ လက်မခံနိုင်စရာပါပဲ"ဟု ဝမ်းနည်းစွာဖြင့်မြွက်ကြားသွားပါသည်။ ရဟန်းမင်းကြီးက သူ့ရဲ့စိတ်ကိုထိန်းချုပ်ပြီး စစ်ဘေးဒုက္ခသည်များအတွက် သူနှင့်အတူဆုတောင်းဖို့အန်ဂျေလုမေတ္တာ ဆိုပြီးချိန်တွင် ဘာသာတူများကို ဖိတ်ခေါ်ခဲ့ပြီး Syria နိုင်ငံသားများ အမိမယ်တော်၏ ကာကွယ်




စောင့်ရှောက်မှုရရှိဖို့ တိတ်ဆိတ်စွာဖြင့်ဂုဏ်ကျေးဇူးတော်မေတ္တာတစ်ပုဒ်ကို အတူတကွ ရွတ်ဆိုပြီး ဆုတောင်းပေးကြရန် တောင်းဆိုကြောင်းသိရပါသည်။

အစိုးရက လွန်ခဲ့သောလတွင်သောင်းကြမ်းသူများ ပိုင်းရံထားသော Aleppo အရှေ့ဘက်နှင့် Syria အနောက်ဘက်ပိုင်နက်တစ်ချို့ကို ပြန်လည်ဆက်နွယ်ရန် ကြိုးစားနေသောကိစ္စနှင့် ပတ်သက်ပြီး သူပုန်တစ်ဖွဲ့က ၎င်းအစီအစဉ်ကိုဖျက်သိမ်းပစ်ရန်တိုက်ခိုက်ခဲ့သည်ဟုသိရသည်။

ထိုကိစ္စနှင့် ပတ်သက်ပြီး လွန်ခဲ့သောသောကြာနေ့တွင် ပြင်းထန်သောတိုက်ခိုက်မှုတစ်ခု ထပ်မံဖြစ်ပွားရာ အရပ်သားများ၊ တိုက်ပွဲဝင် စစ်သည်များနှင့် အဆောက်အဦးတစ်ချို့ အမြောက်တပ်ကြောင့် ထိခိုက်အက်ရာ ရကြရကြောင်း၊ လွန်ခဲ့သော စနေနေ့တွင် Syria အနောက်မြောက်ဘက်ရှိ ဆေးရုံတစ်ရုံ၏ အနီးတစ်ဝိုက်တွင် လေယာဉ်တစ်စင်းမှ ဝင်ရောက်တိုက်ခိုက်ကာ ဆေးရုံသုံးပစ္စည်းတစ်ချို့ပျက်စီးသွားသည့်အပြင် သေဆုံးလူ(၁၀)ဦးတွင် ကလေးများ ပါဝင်သည်ဟုလည်း အပတ်စဉ်ထွက် သတင်းတွင် ဖော်ပြထားသည်ဟုသိရသည်။ **(CBCM-OSC)**

# ပုပ်ရဟန်းမင်းကြီး၏ Instagram အကောင့်တွင်လူသုံးသန်းထက်မနည်း




ပုပ်ရဟန်းမင်းကြီးတရားဝင်သုံးလေ့ရှိသော Instagram အကောင့်ထဲတွင် လူ(၃၀) သန်းထက်မနည်းရှိကြောင်း၊ ပို့(စ်) (၁၄၃)ခုနှင့် ဗီဒီယိုဖိုင်များရှိကြောင်း၊ ပို့(စ်) တစ်ခုစီ၏ခေါင်းစဉ်တွင် ဘာသာစကားအမျိုးမျိုးဖြင့်သုံးထားကြောင်း၊ ပုပ်ရဟန်းမင်းကြီးမှာ Instagram အကောင့်အပြင် Twitter အကောင့်လည်းရှိကြောင်း၊ ၎င်းအကောင့်တွင်လည်း ဘာသာစကား(၉)ခုဖြင့် အသုံးပြုလျှက်ရှိကြောင်း၊ @franciscus အကောင့်တွင်လည်း လူများတစ်ရက်ပြီးတစ်ရက် များသည်ထက်များလာကြောင်း၊ သူတို့သည် ပုပ်ရဟန်းမင်းကြီး၏ လှုပ်ရှားမှုဓာတ်ပုံများကို အလျဉ်းသင့်လျှင်သင့်သလို တင်ပေးလေ့ရှိသော L’Osservatore Romano ဓာတ်ပုံဆရာအဖွဲ့ကို ကျေးဇူးတင်လျှက်ရှိကြောင်း၊ Communication ၏အတွင်းရေးမှူးဖြစ်သော မွန်ဆီညော် Dario Viganò က ပုပ်ရဟန်းမင်းကြီး Instagramကို ဖွင့်ရခြင်းရဲ့ရည်ရွယ်ချက်မှာ သူ့၏သတင်းစကားကို လူများဖတ်ရန်၊ သူ၏ပုံကိုကြည့်ခြင်းဖြင့် ခံစားချက်အမျိုးမျိုး ဖြစ်ပေါ်လာရန်နှင့် သူ၏ပုံသည် သတင်းကောင်းများစွာကိုဖော်ဆောင်နိုင်ကြောင်း ပြောကြားသည်ဟု ဗာတီကန်သတင်းမှသိရှိရပါသည်။ **(CBCM-OSC)**

# ဗာတီကနက ဆပ်ကပ်ဆရာဝန်များကိုရွှေ့ပြောင်းဆေးခန်းဖယ်လှူဒါန်း



ဒေသခံဆရာဝန်များ၊ ကျန်းမာရေးအထူးကုဆရာဝန်ကြီးများနှင့်ဆေးကျောင်းသားများတို့ပါဝင်ပြီး ဗာတီကန်တံဆိပ်ပါရှိသော ကုပ်အင်္ကျီကို ဝတ်ဆင်ကာ အဖြူနှင့်အပြာရောင်ကွက်ကျားပါရှိသည့် ဗာတီကန်တံဆိပ် RV ပုံစံရှိသောကားကိုအသုံးပြုပြီး တစ်နေရာမှ တစ်နေရာသို့ သွားရောက်ဆေးကုသလျက်ရှိကြောင်း သိရသည်။ ထိုအသေးစားဆေးခန်း၏ ဒါရိုက်တာဖြစ်သူ ဒေါက်တာ Lucia Ercoli က ဗာတီကန်သတင်းဌာနသို့ပြောကြားသည်မှာ “ဒီလိုအသေးစားဆေးခန်းဖွင့်ပေးလို့ ဗာတီကန်ရဲ့အစွန်အဖျားမှာ လူမဆန်စွာဆက်ဆံခံရတဲ့၊ ပစ်ထားခံရသူတွေဟာ ရဟန်းမင်းကြီးနှင့်အသင်းတော်သည် သူတို့နှင့်အတူရှိနေပါလားဆိုတဲ့ခံစားချက်မျိုးကို တွေ့ကြုံခံစားစေပါတယ်။ယခုကျွန်မတို့ ပြုစုစောင့်ရှောက်တဲ့လူနာထဲမှာ မိခင်နှင့်ကလေးတွေအများဆုံးပါဝင်ပြီး သူတို့တွေဟာ တစ်ခြားနိုင်ငံမှလာရောက် ခိုလှုံသူတွေ ဖြစ်ကြတယ်။ လမ်းခရီးမှာ နိပ်စက်မှုအမျိုးမျိုး ကြုံခဲ့သလို သူတို့ရဲ့ သားသမီးတွေ မြစ်ထဲပစ်ချခြင်းခံရတယ်လို့လည်းသိရတယ်” ဟုပြောကြားသွားသည်။

ထိုဆရာဝန် အဖွဲ့သည်(၂၀၀၄) ခုနှစ်မှစတင်၍ ဖွဲ့စည်းတည်ထောင်ထားခြင်းဖြစ်ပြီး သူတို့သည် တစ်ခြားအဖွဲ့အစည်း (စေတနာဆရာဝန်)များနှင့်လည်း ရွှေ့ပြောင်းသွားလာပြီး လိုအပ်သည့်နေရာများတွင် သွားရောက်ဆေးကုသပေးလေ့ရှိသည်။ လွန်ခဲ့သော နွေရာသီ၌လည်းမြို့နှင့်မနီးမဝေး ရထားမှတ်တိုင် အနီးတစ်ဝိုက်တွင်နေထိုင်နေကြသည့် ဒုက္ခသည်များဆေးကုသမှု ခံယူနိုင်ရန် စစ္စတာရ်ကျောင်းတစ်ကျောင်းတွင် ဆရာဝန်များက တစ်ပတ်ကြာကုသပေးခဲ့ကြောင်းသိရသည်။

“လူနာတွေက စနေနေ့တိုင်း ရာချီပြီးလာရောက်ဆေးကုသမှုခံယူခဲ့ကြတယ်။ ဒီလိုလုပ်နိုင်ဖို့အတွက် လိုအပ်တဲ့ဆေးတွေကို ကူညီပေးတဲ့ ဗာတီကန်မှ ဆေးဖက်လူမှုဝန်ထမ်းများ အဖွဲ့ကိုလည်း ကျေးဇူးတင်တယ်။ ဆေးဖက်လူမှုဝန်ထမ်းအဖွဲ့ဟာ လူနာအတွက်ရည်စူးပြီး ဆေးကုခန်းချပေးခြင်းအားဖြင့် လူနာတွေအတွက် အထူးသဖြင့် ခိုလှုံရာမဲ့ဖြစ်တဲ့လူနာတွေကို လေးစားကာ လူ့ဂုဏ်သိက္ခာနှင့်အညီ နေထိုင်နိုင်တဲ့အခွင့်အရေးကိုရရှိစေတာကြောင့် အင်မတန်မှကောင်းမွန်ပါတယ်။ ဗာတီကန်မှ The Istituto di Medicina Solidale နှင့် ပုပ်ရဟန်းမင်းကြီးရုံးမှ ဆေးဖက်လူမှုဝန်ထမ်းများအဖွဲ့ဟာ St Peter’s Square မှာတနင်္လာနေ့တိုင်း လူနာတွေကို လိုအပ်တဲ့ဆေးတွေထုတ်ပေးတယ်။ ဆေးဖက်လူမှုဝန်ထမ်းအဖွဲ့ဟာ ပုပ်ရဟန်းမင်းနှင့် အလှူရှင်တစ်ချို့က ဖေဖဝါရီလ(၂၀၁၅) ခုနှစ်မှာ ဆင်းရဲသားများအတွက်ရည်စူးပြီး ဖွဲ့စည်းထားတဲ့အဖွဲ့တစ်ဖွဲ့ဖြစ်ပါတယ်”ဟု ဒေါက်တာ Lucia Ercoliကဆက်လက်ပြောကြားသွားပါသည်။ **(CBCM-OSC)**

# ပုပ်ရဟန်းမင်းကြီးက ပြည့်တန်ဆာလုပ်ငန်းမှ ကယ်ဆယ်ခြင်းခံရသော မိန်းကလေးများအားတွေ့ဆုံ

ပုပ်ရဟန်းမင်းကြီးသည် သနားကရုဏာခြင်းဂျူဘီလီနှစ်တွင် သူ၏ “Friday of Mercy” အထိမ်းအမှတ်အဖြစ် ပြည်တန်ဆာလုပ်ငန်းမှကယ်ဆယ်ထားသော၊ အမျိုးသမီးတစ်ချို့နေထိုင်သောအိမ်သို့ နွေးထွေးစွာသွားရောက်တွေ့ဆုံခဲ့ကြောင်း သတင်းရရှိပါသည်။ ၎င်းအဆောင်ကို ပုပ်ရဟန်းမင်းကြီး(၂၃)ပါးမြောက် ဂျွန်ပေါလ်အဖွဲ့မှ ကူညီစောင့်ရှောက်ထားကြောင်းသိရှိရပါသည်။ လိင်ကိစ္စအတွက် ရောင်းဝယ်ဖောက်ကား၊ လူကုန်ကူးခံရသော မိန်းကလေးအယောက်(၂၀)သည် ရောမ၊ အယ်ဗားနီးယား၊ နိုင်ဂျီးနီးယား၊ တူနီးရှား၊ ယူကရိန်းနှင့် အီတလီနိုင်ငံသားများဖြစ်ကြသည်။ သူတို့သည် ထိန်းချုပ်ထားခြင်းခံရရုံမက၊ ခန္ဓာပိုင်းဆိုင်ရာတွင်လည်း ရောင်းစားခြင်းခံရသူများဖြစ်ခဲ့ကြရကြောင်းသိရသည်။ ပုပ်ရဟန်းမင်းကြီးသည် ပြည်တန်ဆာများကို သွားရောက်တွေ့ဆုံခြင်းသည် လူကုန်ကူးခြင်းကိုဆန့်ကျင်ရန် သတိပေးနေသကဲ့သို့ သူကိုယ်တိုင်လည်း လူသားမျိုးနွယ်စုအား ရာဇဝတ်မှုပြုခြင်းတစ်ရပ်ကို ဆန့်ကျင်ရန်ဖြစ်သည်ဟု ပုပ်ရဟန်းမင်းကြီးရုံးမှ ထုတ်ပြန်ထားသော ထုတ်ပြန်ချက်ထဲတွင် တွေ့ရှိရကြောင်း (၁၂၊ ၈၊ ၂၀၁၆)တွင် ဗာတီကန်ရေဒီယို သတင်းမှ သိရှိရပါသည်။ **(CBCM-OSC)**



# သနားကြင်နာခြင်းသည် တစ်လုံးတစ်ဝတည်းရှိခြင်းအတွက် လက်နက်ဖြစ်သည်

ဗာတီကန်ရှိ Pope Paul VI ခန်းမဆောင်တွင်ကျင်းပသော ပုဒ္ဓဟူးနေ့ လူထုပရိတ်သတ်နှင့် တွေ့ဆုံရာတွင်၊ သနားကြင်နာခြင်းသည် တစ်လုံးတစ်ဝတည်းရှိခြင်းအတွက်လက်နက်ဖြစ်ကြောင်း ပုပ်ရဟန်းမင်းကြီး ဖရန်စစ် အရှင်သူမြတ်က မြွက်ကြားခဲ့ပါသည်။ ရှင်မာတေဦး ဧဝံဂေလိကျမ်းချက်ထဲမှ မုန့်နှင့် ငါးတို့ကို ပွားများစေခဲ့သည့် တန်ခိုးလက္ခဏာကို အရှင်သူမြတ်က ထောက်ရှု၍၊ သူ့နောက်လိုက်ကြသောသူများကို သခင်ခရစ်တော်က သနားကြင်နာခြင်း စိတ်ပွားများပုံ၊ ၎င်း၏ သနားကြင်နာခြင်းက ဇဝေဇဝါဖြစ်သည့် ခံစားချက်မျိုး မဟုတ်ပဲ အမှန်တကယ် ကျွန်ုပ်တို့ကိုချစ်ခြင်းနှင့် အနီးနားတွင် ကျွန်ုပ်တို့ကို ရှိစေလိုသည့် ဆန္ဒဖြစ်ပါသည်ဟု အရှင်သူမြတ်က ထောက်ရှုတရားပေးခဲ့ပါသည်။

လူအုပ်ကြီးအပေါ်ထားသည့် သခင်ခရစ်တော်၏ သနားကြင်နာခြင်းသည် မုန့်နှင့်ငါးတို့ကို ပွားများစေမည့် တန်ခိုးလက္ခဏာ၏ တွန်းအားတစ်ရပ်ဖြစ်ကြောင်း၊ ဒီတန်ခိုးတော်ကို တစ်ဦးတည်းမဟုတ်ပဲ သခင်ခရစ်တော်သည်၎င်း၏တပည့်များကို လည်းပါဝင်စေလိုခဲ့ကြောင်း၊ ယုံကြည်ခြင်းနှင့်ဆုတောင်းမေတ္တာ၏ အစွမ်းတန်ခိုးအားဖြင့် ရှိနေသည့် မုန့်နှင့်ငါးတို့သည် လူများစွာကို ဝေငှပေးနိုင်တယ်ဆိုတာကို တပည့်တော်ကြီးများကို ပြသခဲ့ကြောင်း ၎င်းတန်ခိုးသည် သခင်ခရစ်တော်ဆောင်ရွက်ခဲ့ခြင်းဖြစ်သော်လည်း အမှန်တွင် သနားကြင်နာခြင်းနှင့် ချစ်ခြင်းမေတ္တာအားဖြင့် ပြသည့် ယုံကြည်ခြင်းနှင့် ဆုတောင်းခြင်းတို့၏တန်ခိုးလက္ခဏာပင် ဖြစ်ကြောင်း အထက်ကောင်းကင်သို့ မျှော်ကြည့်ကာ၊ ကျေးဇူးတော်ကို ချီးမွမ်းပြီး မုန့်တော်ကို ဖဲ့၍ ဝေငှခဲ့သည့် အပြုအမူမှာ သခင်ခရစ်တော်၏ တန်ခိုးတော်ထဲက အပြုအမူများပင်ဖြစ်ကြောင်း၊ ဤသည်မှာနောက်ဆုံးညစာစားပွဲ တွင်၎င်းပြုခဲ့သော အပြုအမူနှင့် တစ်ထပ်တည်းကျပြီး၊ မစ္ဆားယဇ်ပူဇော်ခြင်းတွင် ရဟန်းတော်များပူဇော်သည့် လက္ခဏာတို့နှင့် အတူတူပင်ဖြစ်ကြောင်း ခရစ်ယာန် မိသားစုကြီးသည် ကိုယ်တော်မြတ်စက္ကူရမင်းတူးအားဖြင့် မွေးဖွားကာ၊ ထပ်မံမွေးဖွားပြီးဆက်လက်ရှိနေကြောင်း၊ သခင်ခရစ်တော်၌ တစ်လုံးတစ်ဝတည်းရှိခြင်းက ယနေ့ခေတ်၏ လိုအပ်နေသူများထံအရောက်သွားရန် ကျွန်ုပ်တို့အားနှိုးဆော်ခြင်းဖြစ်ကာ၊ သခင်ခရစ်တော်၏ သနားကြင်နာခြင်းပုံစံတော်အတိုင်း ပြုမူပြသခြင်းအားဖြင့် ယုံကြည်သူ အားလုံးတို့သည် သနားကြင်နာခြင်း၏ အစေခံများ ဖြစ်ကြကြောင်းကို ပြသနိုင်ကြမည် ဖြစ်သည်ဟု ဆိုပါသည်။ သန့်ရှင်းသော အစေခံခြင်းကို အသင်းတော်ကြီးသည် ဆက်လက်ထမ်းဆောင်နိုင်စွမ်း ရှိပါမည့်အကြောင်း နှင့် ကျွန်ုပ်တို့ အားလုံးတို့သည်လည်း ဘုရားရှင်၏ သနားကြင်နာခြင်း အမှတ်လက္ခဏာတော်အဖြစ်၊ ကျွန်ုပ်တို့၏ ဆက်ဆံရေးများတွင် တစ်လုံးတစ်ဝတည်းရှိခြင်း လက်နက်အဖြစ် သနားကြင်နာခြင်း ပြသနိုင်ကြရန် ဆုတောင်းကြပါစို့ဟုဆိုကာ သူ၏ဘုရားစကားသင်ကြားခြင်းကို အရှင်သူမြတ် ပုပ်ဖရန်စစ်က အဆုံးသတ်ရင်း မြွက်ကြားခဲ့ပါကြောင်း ဗာတီကန်ရေဒီယိုမှ သတင်းရရှိပါသည်။ (RVA)

# Coyhaiqueထောင်ရှိ မိခင်တစ်ဦးထံသို့ ပုပ်ရဟန်းမင်းကြီးပြန်စာရေးသား

Aysen နယ် Chile တောင်ပိုင်း Coyhaique ထောင်၏ အကျဉ်းသားတစ်ဦးဖြစ်သူ မိခင် Nicol သည် လွန်ခဲ့သော သီတင်းပတ် ဩဂုတ်လ (၂)ရက်နေ့ ညနေ ၄း၁၃အချိန်တွင် ရဟန်းမင်းကြီးထံမှပြန်စာတစ်စောင်ကို လက်ခံရရှိခဲ့သောကြောင့် အလွန်ဝမ်းမြောက်အံ့ဩခဲ့ရသည်။

သူမသည် ထိုပြန်စာကို လွန်ခဲ့သော ဇူလိုင်လ(၂၇)ရက်နေ့က ၎င်းနယ်တာဝန်ခံ ဆရာတော် Luis Infanti မှ တစ်ဆင့်လက်ခံရရှိခဲ့ခြင်းဖြစ်သည်။ အဖြစ်အပျက်မှာ အောက်ပါအတိုင်းဖြစ်သည်- ရဟန်းမင်းကြီး ကိုယ်စားလှယ် Ivo Scapolo သည် Coyhaique ရှိ အကျဉ်းထောင်ကို လာရောက်လည်ပတ်ခဲ့စဉ်က ၎င်းထောင်ထဲရှိ Nicol ဆိုသော မိခင်တစ်ဦးသည် ရဟန်းမင်းကြီးထံစာရေး၍ ဆုတောင်းမေတ္တာတောင်းခံရန် အခွင့်တောင်းခဲ့သည်။ အမျိုးသမီးသည် ပုပ်ရဟန်းမင်းကြီးထံ စာရေးသားရာ၌ မိမိထောင်အတွင်း လက်ရှိအခြေအနေနှင့် မိမိချမှတ်ခံရသည့် အပြစ်ဒဏ်တို့အကြောင်း ရေးသားတင်ပြကာ သူမနှင့် ထောင်တွင်းရှိသူများအားလုံးအတွက်အထူးဆုတောင်းပေးပါရန်တောင်းခံခဲ့ကြောင်း Aysen သာသနာ လူထုဆက်သွယ်ရေးရုံးကို ပြောပြခဲ့သည်။ သူမရေးပို့လိုက်သော စာမှာ ရဟန်းမင်းကြီးထံသို့ အချိန်မီရောက်နိုင်ခဲ့သော်လည်း သူမလက်ခံရရှိသော ရဟန်းမင်းကြီး ပြန်စာမှာမူ ရှောင်လွဲမရသော အခြေအနေအမျိုးမျိုးကြောင့် အချိန်တစ်နှစ်ကြာနှောင့်နှေးခဲ့ပြီး ယခုဩဂုတ်လ (၂)ရက်နေ့ ၂၀၁၆ မှ လက်ခံရရှိခဲ့ခြင်းဖြစ်သည်။

ရဟန်းမင်းကြီး မှ သူမအားရေးသားပေးပို့သော ပြန်စာထဲတွင် ရဟန်းမင်းကြီးက သူမရေးသားပေးပို့သောစာနှင့် သူမ၏ ဆုတောင်းမေတ္တာများအတွက် အထူးကျေးဇူးတင်ရပါကြောင်း၊ "ကျွန်ုပ်အားပေးထားသော သင်၏ အားကိုးယုံကြည်မှုနှင့် အထူးကျွန် အခန်းထဲမှ ပေးပို့သော ဆုတောင်းမေတ္တာများသည် ကျွန်ုပ်အလွန် လိုအပ်နေသောအရာများပင်ဖြစ်ပါသည်။ ထို့ကြောင့် သင့်ကို အထူးကျေးဇူး တင်မိပါသည်" ဟု ရေးသားထားပါသည်။ "ကျွန်ုပ်ဘက်မှလည်း ကျွန်ုပ်၏ဆုတောင်းမေတ္တာထဲတွင် သင်နှင့်သင်၏သား Fernando ကို အမြဲထည့်သွင်းထားမည်ဟု ကတိပေးပါသည်။ ဘုရားသခင်သည် သင်တို့အား ယုံကြည်ခြင်းအလင်း၊ မျှော်လင့်ခြင်းမှုရသော ခွန်အားနှင့် သင်၏ နီးစပ်သူ၊ ချစ်သူခင်သူများမှတဆင့် ဘုရားသခင်၏ ချစ်သနားခြင်း၊ နှစ်သိမ့်ခြင်း ကျေးဇူးတော်ကို ခံစားရပါမည့် အကြောင်း ဆုတောင်းပေးပါသည်။ သင်၏စာအတွက် သင့်ကိုကျေးဇူးတင်ပါသည် ဟုထပ်မံပြောပါရစေ။ ကျွန်ုပ်အတွက်လည်း ဆက်လက်ဆုတောင်းပေးပါရန် မေတ္တာရပ်ခံပါသည်။ ခရစ်တော်သခင်သည် သင့်ကိုအစဉ်အမြဲကောင်းကြီးပေးပါစေ၊ အမိမယ်တော်သည် လည်းသင့်ကိုအမြဲကူညီစောင့်ရှောက်ပါစေ။ ချစ်ခြင်းများစွာဖြင့်...ဖရန်စစ်....ဟုရေးသားကာ ရဟန်းမင်းကြီးသည် သူ၏စာကို အဆုံးသတ်ထားသည်။

ထိုစာကိုလက်ခံရရှိပြီးနောက် Nicol က "သူကျွန်မဆီကို စာပြန်လိမ့်မယ်လို့ တွေးမထင်ထားဘူး၊ မျှော်လည်းမမျှော်လင့်ရဲပါဘူး၊ ဒါပေမယ့် သူ့အခုစာပြန်လာခဲ့တယ်။ အခြေအနေပေးရင် ကျွန်မလည်း ပုပ်ဖရန်းစစ်ကို အခုကျွန်မမှာ လက်ထပ်ထားတဲ့ မိသားစုနှင့်သားလေး Fernando အပြင် (၂)လသားအရွယ် သမီးလေးလည်း ရှိနေပြီ ဆိုတာကို အကြောင်းကြား ပြောပြချင်ပါသေးတယ်" ဟုပြောသွားခဲ့ကြောင်း CAN မှ သတင်း ရရှိပါသည်။

(CBCM-OSC)

# ပင်လယ်တစ်စင်း၏ပေါင်းကူးတံတားများ

ပြီးခဲ့သော ရက်သတ္တပတ်တွင် ပုပ်ရဟန်းမင်းကြီးသည်အီတလီနိုင်ငံUgento-S.Maria di Leuca သာသနာပိုင်တွင် "ပင်လယ်တစ်စင်း၏ပေါင်းကူးတံတားများ" အမည်ရှိ အဖွဲ့တစ်ဖွဲ့အား အကူအညီ ပေးပို့ခဲ့ကြောင်း၊ ၎င်းအဖွဲ့ကို ဖွဲ့စည်းလိုက်ခြင်းအားဖြင့် Europe နှင့် နိုင်ငံရပ်ခြားမှ လူငယ်များ ပူးပေါင်း လာစေရုံမက သေနေသကဲ့သို့ ရှိနေသော ပင်လယ်မှ အသက်ဝင်လာသော ပင်လယ်ပြင်ကြီးဖြစ်လာစေရန် ၎င်းအားဖြင့် အသက်မွေးဝမ်းကျောင်း ပြုနေကြသောသူများလည်း ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီတစ်ဖွဲ့နှင့်တစ်ဖွဲ့ အမှီသဟဲ ပြုလာစေနိုင်ပါသည်။

လူသားအချင်းချင်းမိတ်သဟာယ ဖွဲ့ခြင်း၊ ငြိမ်းချမ်းရေး တည်ဆောက်ခြင်း၊ စည်းလုံးခြင်း၊ ညီညွတ်ကျေခြင်း၊ ဤသို့ ကောင်းမွန်သော အမူအကျင့်များရှိလာရန် ပုပ်ရဟန်းမင်းကြီးက ဆန္ဒရှိကြောင်း၊ လက်ရှိတွင် ပင်လယ်ကိုမှီခိုနေရသော ရွှေ့ပြောင်းအလုပ်သမား မြောက်များစွာရှိသည် သူတို့သည် လူသားနှင့်ဆိုင်သောဖွံ့ဖြိုးမှု အခွင့်အရေးတစ်ရပ် ရှိသည်ကို သတိမှုလာရန်၊ ထို့အပြင်ယဉ်ကျေးမှုလေ့နှင့် ဘာသာရေးတစ်ခုနှင့်တစ်ခု အပြန်အလှန် ဆွေးနွေးခြင်းအားဖြင့် ခရစ်တော်၏ဧဝံဂေလိသတင်းကောင်းကို ဟောပြောသက်သေခံရန် အခွင့်အလမ်းတစ်ခုလည်း ဖြစ်ကြောင်း ပုပ်ရဟန်းမင်းကြီးကအားပေးစကားများထည့်သွင်းရေးသားထားကြောင်း ဗာတီကန်အတွင်းရေးမှူးတစ်ဦးပေးပို့သော



သတင်းအရသိရှိရပါသည်။ "ပင်လယ်တစ်စင်း၏ပေါင်းကူးတံတားများ" အဖွဲ့သည် နိုင်ငံတကာပေါင်းကူးတံတားကို အတူတကွ ပြန်လည် တည်ဆောက်ရန်၊ မူလအခြေအနေကိုထိန်းသိမ်းထားနိုင်ရန်၊ လိုက်လျှောညီထွေရှိရန် ဆန္ဒရှိကြောင်း ပုပ်ရဟန်းမင်းကြီးက CHARTER OF LEUCAအဖွဲ့အား သူတို့ကိုယ်စား ထွက်ဆိုပေးကြောင်းလည်း သိရှိရပါသည်။ (CBCM-OSC)

# အမိမယ်တော်သခင်မ မိုးကောင်းကင်သို့ ပင့်ဆောင်ခံရခြင်းပွဲတော်

ဩဂုတ်လ(၁၅)ရက် တနင်္လာနေ့ မယ်တော်သခင်မ ကောင်းကင်ဘုံသို့ ပင့်ဆောင်ခြင်းခံရသောပွဲနေ့၌ ပုပ်ရဟန်းမင်း ဖရန်စစ်အရှင်သူမြတ်သည် လူထုပရိသတ်နှင့်အတူ အန်ဂျေလူးမေတ္တာရွတ်ဆိုခဲ့ပါသည်။ အရှင်သူမြတ်က ဩဝါဒမြွက်ကြားရာတွင် မယ်တော်သခင်မကောင်းကင်ဘုံသို့ ပင့်ဆောင်ခံရခြင်းဟာ ကျွန်ုပ်တို့အနာဂတ်နှင့်ပတ်သက်၍ ကျွန်ုပ်တို့အားလုံးနှင့် သက်ဆိုင်သော ကြီးမားသည့်နက်နဲဖွယ်ရာတစ်ခုဖြစ်ပါတယ်။ ဂါလေလီက နိမ့်ချတဲ့ မိန်းကလေးတစ်ဦး ချီးမြှောက်ခံရခြင်းကို Magnificant သီချင်းထဲမှာဖော်ပြထားပြီး လောကလူသားများထံ ဆင်းကြွလာသည့် သခင်ကိုဖူးတွေ့ဖို့ နှစ်သက်ခံရတဲ့သူတွေ အားလုံးအတွက် ချီးမွမ်းကျေးဇူးရာသီချင်း ဖြစ်လာခဲ့ပါသည်။

ဝမ်းနည်းစရာကောင်းသည့် အခြေအနေများကို မယ်တော်၏ Magnificant သီချင်းလေးက ကျွန်ုပ်တို့ကို ဦးဆောင်မှုပေးနေပါတယ်။ အသေးစိတ် ဖော်ပြရမည်ဆိုလျှင်ဘဝ၏ ဝန်ထုပ်ဝန်ပိုးအောက်တွင် ပိနေသည့်အမျိုးသမီးများ အကြမ်းဖက်မှုများနှင့်ကြုံတွေ့နေရသည့် အမျိုးသမီးများ၊ ရက်စက်ကြမ်းကြုတ်သော အာဏာရှင်တို့လက်ထဲ၌ ကျွန်ခံနေရသည့် အမျိုးသမီးများ၊ လူသားမဆန်သည့်အလုပ်ကို လုပ်ကိုင်နေရသည့် အမျိုးသမီးများ၊ ဝိသမလောဘသားတို့ထံ မိမိ၏ စိတ်နှင့်ခန္ဓာကို အပ်နှံရန် အတင်းအဓမ္မ စေခိုင်းခြင်းခံရသည့်အမျိုးသမီးများ၏ ဝမ်းနည်းဖွယ်အခြေအနေများကို စဉ်းစားမိစေပါသည်။ အမျိုးသမီးတစ်ဦး မိန်းမငယ်တစ်ဦးဖြစ်သည့်မာရီးယားသည် သူမ၏ဘဝတွင် ဒုက္ခများစွာကို ခံစားရပြီး ဒုက္ခအများအပြား ခံစားနေရသည့်အမျိုးသမီးများကို ကျွန်ုပ်တို့သတိယစာနာတတ်စေပါတယ်။ သူတို့၏ဘဝလမ်းခရီးတွင် ဘုရားသည်သူတို့၏ လက်ကိုတွဲလျှက်လုပ်ဆောင်ထားပြီး ကျွန်ဘဝမှလွတ်မြောက်စေရန် ဘုရားသခင်ထံ ကျွန်ုပ်တို့ တောင်းလျှောက်ကြပါသည်ဟု အရှင်သူမြတ်က မြွက်ကြားခဲ့ကြောင်းဗာတီကန်ရေဒီယိုမှ သတင်းရရှိပါသည်။

**( RVA)**

# Fr.Uzhunnalil အတွက်မျှော်လင့်ခြင်းနှင့်ဆုတောင်းပေးရန်



Yemen Aden တွင် မတ်လ(၄)ရက်နေ့ ကရုဏာရေး သာသနာပြုများ၏ ကျောင်းတွင်အစိုးရကို ဆန့်ကျင်ပုန်ကန်သောလူတစ်စု၏ ရက်စက်သောလုပ်ရပ်တစ်ခုကြောင့် သီလရှင်လေးပါးနှင့်သာမာန်လူပုဂ္ဂိုလ်(၁၂)ဦးကို သေစေခဲ့ကာထိုနေရာရှိဆလေးရှင်း အသင်းဂိုဏ်းမှ ဘုန်းတော်ကြီး Uzhunnalilအား ပြန်ပေးဆွဲခေါ်ဆောင်သွားခဲ့သည်။ ထိုဖြစ်ရပ်ကြီးတွင် ကောလဟာလ သတင်းအတိုအစများ ဟိုဟိုဒီဒီ ကြားရသော်လည်း မည်သည့်သတင်းအစအနမှ သေချာရေရာမှု မရှိယုံကြည်လက်ခံထိုက်သော အထောက်အထားအခိုင်အလုံ မရှိခဲ့ကြောင်း သိရပါသည်

"Fr. Uzhunnalil အားပြန်ပေးဆွဲသွားခဲ့သည်မှာ(၅)လတိတိ ပြည့်ခဲ့ပြီးဖြစ်သော်လည်း သူ၏အကြောင်းနှင့်ပတ်သက်သည့် သတင်းအစအန တစ်ခုမှမရသေးပါဘူး။ ကျွန်ုပ်တို့မှာ တိကျသေချာတဲ့သတင်းဘာတစ်ခုမှမရှိဘူး။ တစ်ခုခုတော့လှုပ်ရှားနေတယ်ဆိုတာဘဲသိတယ်။ ဒါပေမယ့်ဘာမှပြန်ပြောစရာ မရှိသေးပါဘူး" ဟု အာရေးဘီယ တောင်ပိုင်း တမန်တော်ဆိုင်ရာပြောရေးဆိုခွင့်ရှိသူ Msgr Paul Hinder က ANS သတင်းဌာနကိုပြောကြားခဲ့သည်။

ပြန်ပေးဆွဲပြီးနောက်ပိုင်းတွင် Fr. Uzhunnalil အားရိုက်နက်သောပုံများ၊ ပိန်ချုံးအားနည်းနေသောပုံများနှင့် ဗီဒီယိုများကို Facebookတွင် တင်ပြကာသတင်းဖြန့်ခဲ့ကြသည်။ သို့သော်ထိုအရာသည် အခြေအမြစ်ခိုင်လုံမှုမရှိ၊ တိကျမှန်ကန်သော သက်သေ အထောက်အထား မရနိုင်ကြောင်းသိရသည်။ ဩဂုတ်လ(၄)ရက်နေ့တွင် ဝန်ကြီးဖြစ်သော Ms Sushma Swaraj ကိုယ်တိုင်ကလည်း "အစိုးရအနေဖြင့် Fr. Uzhunnalil၏ အခြေအနေအရပ်ရပ်အတွက် ပူဆွေးသောကရောက်ရသော ဆွေမျိုးများအတွက်လည်း နှစ်သိမ့်စကားဆိုခဲ့ပါသည်။မည်သို့ပင်ဆိုစေကာမူ Msgr. Hinderက "Fr. Uzhunnalilအမှန်တကယ် အဆင်ပြေလား၊ အခြေအနေဘယ်လိုရှိလည်းဆိုတာ သိရအောင် ဘယ်သူကမှ အဆက်အသွယ် မလုပ်နိုင်၊ မရနိုင်တာအတော့်ကို ကြာနေခဲ့ပါပြီ" ဟုဆိုခဲ့ပါသည်။ ရုံးတော်ကကြေငြာချက်နှင့် Fr.Francesco Cerede ၏တရားဝင်ပြောကြားချက်အရ ကမ္ဘာအနှံ့အပြားတွင် ခရစ်ယာန်ညှဉ်းပန်းနှိပ်စက်ခြင်းများ အမျိုးမျိုးဖြစ်ပျက်နေသော ယနေ့ခေတ်အခါမျိုးတွင် Fr. Uzhunnalil ၏ ကိစ္စနှင့်ပတ်သက်၍ အမြဲသတိပြု အာရုံစိုက်နေရမည်ဖြစ်ကြောင်း ၊အထူးအာရုံထား ဆုတောင်းပေးရမည် ဖြစ်ကြောင်း ပြောကြားသွားခဲ့သည်ဟု ANS-Roma မှသတင်းရရှိသည်။ **(CBCM-OSC)**

# သေဒဏ်အတွက် သမ္မာကျမ်းစာကိုအသုံးပြုပြီးညီမျှခြင်းမချရန်



ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့ Caloocan ကက်သလစ်အသင်းတော် ကျမ်းတတ်ပညာရှင် ဆရာတော်ကြီး Pablo Virgilio David က ဖိလစ်ပိုင်နိုင်ငံသား၊ ကမ္ဘာ့ချန်ပီယံလက်ဝှေ့သမား Manny Pacquiao ၏ ပထမမိန့်ခွန်းတွင် " God is a God of justice" (ကမ္ဘာဦးကျမ်း ၉း၆) "အကြင်သူသည်လူ၏အသွေးကိုသွန်း၏။ ထိုသူ၏ အသွေးကို လူလက်ဖြင့်သွန်းရမည်။ အကြောင်းမူကား ဘုရားသခင်သည် မိမိပုံသဏ္ဍာန်နှင့်အညီ လူကိုဖန်ဆင်းတော်မူ၏"ဟု ထည့်သွင်း ပြောဆိုသောကြောင့် ဝေဖန်သွားသည်ဟုသိရသည်။ ဆရာတော်မှ အကယ်၍ Pacquiao က "သေဒဏ်ပေးခြင်းသည် တစ်စုံတစ်ဦးအား ရာဇဝတ်မှု၊ ပြစ်မှုများကို မလုပ်ချင်အောင်၊ မကျူးလွန်အောင် ဖြစ်စေတယ်လို့ အခိုင်အမာယုံကြည်လျှင် ဒါဟာ သူ့ကိုသူပြန်ညွှန်းတာပါဘဲ။ဒီမိုကရေစီရှိတဲ့နိုင်ငံတွေမှာ ခုလိုပြောလျှင်သူ့အတွက်လုံခြုံကောင်းလုံခြုံလိမ့်မယ် ပြောခွင့်ရှိကောင်းရှိလိမ့်မယ်။ ကျွန်တော် အနေနဲ့ဆိုရင်မပြောစေချင်ဘူး"ဟုChurch-run Radyo Veritas အတွက် ပြင်ဆင်စဉ်သူ၏ထုတ်ပြန်စာထဲတွင် ဖော်ပြထားသည်ကိုတွေ့ရသည်။ တစ်ဖန် ဗုဒ္ဓဟူးနေ့တွင် Rappler အားပေးပို့သော ထုတ်ပြန်စာထဲတွင်လည်း သမ္မာကျမ်းစာကို မှန်ကန်သော နည်းလမ်းဖြင့် အဓိပ္ပာယ်ပြန်ရန် ဘုရားသည် ကျွန်ုပ်တို့၏စံ၊ ကျွန်ုပ်တို့၏ မှတ်ကျောက်ဖြစ်သည်ဟု ထည့်သွင်းရေးထားသည်ကိုလည်း တွေ့ရသည်။ လူမဆန်သောသူ၊ ဘုရားတရား မရှိသောသူတို့သည် သမ္မာကျမ်းစာကို အများဆုံးမှားယွင်းစွာ အဓိပ္ပာယ် ဖွင့်ဆိုကြသည်ကို တွေ့ရသည်။ ဆရာတော်သည် (CBCP) ဖိလစ်ပိုင် နိုင်ငံလုံးဆိုင်ရာ ကက်သလစ် ဆရာတော်ကြီးများအဖွဲ့ချုပ်ရုံး သမ္မာကျမ်းစာကော်မရှင်တွင် (၃၀)နှစ်ထက်မက အမှုတော်ထမ်းဆောင်ခဲ့သူဖြစ်သည်။ Ateneo-de Manila တက္ကသိုလ်တွင် မဟာဘွဲ့ရရှိခဲ့ပြီး Belgium, Catholic University of Louvain တွင် Sacred theology နှင့်ဘွဲ့ရရှိသူလည်းဖြစ်သည်။ ဆရာတော်သည် Guagua, Pampanga, Betis မြို့တွင်မွေးဖွားပြီး အသက်မှာ(၅၇) နှစ်ရှိပြီဖြစ်ကာ လက်ရှိတွင် San Fernando Pampangaတွင် လက်ထောက်ဆရာတော်အဖြစ် အမှုတော် ထမ်းဆောင်သူလည်းဖြစ်ကြောင်း ၉၊၈၊၂၀၁၆ ရက်နေ့ CBCP သတင်းမှသိရှိရပါသည်။**(CBCM-OSC)**





# ဟီရိုရှီးမား အနုမြူဗုံးကြဲတိုက်ခိုက်ခံရခြင်း(၇၁)နှစ်ပြည့်

ဒုတိယကမ္ဘာစစ်အပြီး ဂျပန်နိုင်ငံ ဟီရိုရှီးမားနှင့် နာဂါဆာကီတို့၏ အနုမြူဗုံးကြဲတိုက်ခိုက်ခံခဲ့ရခြင်း (၇၁)နှစ်ပြည့် နှစ်ပတ်လည်နေ့အတွက် ငြိမ်းချမ်းခြင်းနှင့် တရားမျှတခြင်းဆိုင်ရာ ရဟန်းမင်းကြီး အသိအမှတ်ပြု ကောင်စီက သတင်းစကားကို ဩဂုတ်လ (၆)ရက်နှင့် (၉)ရက်တို့တွင် ထုတ်ပြန်ပေးခဲ့သည်။ ကောင်စီ၏ အဖွဲ့ဝင်တစ်ဦးဖြစ်သော Fr.Michael Czerny(SJ) က တိုကျိုမြို့ ပြည်ထောင်စု အမျိုးသားတက္ကသိုလ်တွင် "လက်နက်ရုပ်သိမ်းခြင်းနှင့် ငြိမ်းချမ်းခြင်းအတွက် ဘာသာတရားများမှ ကူညီပံ့ပိုးပေးခဲ့သောလုံခြုံမှု" ဟူသောခေါင်းစဉ်ဖြင့် နီးနောဖလှယ်ပွဲကို ဩဂုတ်လ(၆)ရက်နေ့တွင် (၂)ရက်တာပြုလုပ်ခဲ့ရာ ၎င်းသတင်းစကားကို ဖာသာရ်ကပြန်လည် ပြောကြားခဲ့ခြင်းဖြစ်သည်။ ထိုဘာသာပေါင်းစုံတွေ့ဆုံနီးနောဖလှယ်ပွဲကိုTendai ဗုဒ္ဓဘာသာအသင်းကြီးဆောင်ကာ ထိုနေ့၌ပင် ဟီရိုရှီးမားတိုက်နယ် ကာသီဒြယ်တွင်မစ္ဆားပြုလုပ်ခဲ့ကြသည်။




"ငြိမ်းချမ်းခြင်းကို ဖျက်ဆီးသောလုပ်ရပ်များကြောင့် ဒုတိယကမ္ဘာစစ်ကြီးဖြစ်ပွားကာ နာဂသာကီနှင့် ဟီရိုရှီးမားတို့၏ အနုမြူဗုံးကြဲ တိုက်ခိုက်ခံခဲ့ရခြင်းသည်(၇၁)နှစ်တိုင်တိုင် ပြည့်ခဲ့ပြီးဖြစ်သော်လည်း အနုမြူလုပ်သော လက်များဆက်လက်တိုးပွားနေခြင်းကြောင့် ကမ္ဘာကြီးမှာ ယိုစိမ့်မြဲဖြစ်နေရပါသည်။ သို့သော်ဘုရားသခင်၏ သနားခြင်းမြစ်သည် ဆက်လက်စီးဆင်းမြဲဖြစ်သည်"ဟု ငြိမ်းချမ်းခြင်းနှင့်တရားမျှတခြင်းကောင်စီ ဥက္ကဋ္ဌ ကာဒီနယ် Peter Turkson ကိုယ်စား Fr.Michael Czerny က တိုကျိုမြို့၌ ပြောကြားခဲ့သည်။ ဆက်လက်၍ Fr.Czernyက ဘုရားသခင်၏ထူးခြားကရုဏာ ဂျူဗီလီနှစ်အကြောင်းပြန်လည်သုံးသပ်ခြင်းနှင့် သခင်ခရစ်တော်၏အဆင်းသဏ္ဍာန်ပြောင်းလဲခြင်းကို ဆက်စပ်သုံးသပ်ပြောပြသွားခဲ့သည်။ ထိုဖြစ်ရပ်နှစ်ခုသည် ကျွန်ုပ်တို့အားမိမိတို့၏ အပြစ်အနာအဆာနှင့် ပြည့်နေသော ဘဝနှင့်ဝမ်းနည်း နာကျင်ခဲ့ရသော ကာလများကိုပြန်လည်သုံးသပ်ဆင်ခြင်နိုင်ရန် အခွင့်အရေးကိုပေးသည်။၎င်းပြန်လည်သုံးသပ်ရန် အခွင့်အရေးသည် ကျွန်ုပ်တို့အား ထိတ်လန့်စိတ်ပျက်စေရန် မဟုတ်ပဲဘုရားသခင်၏ခွင့်လွှတ်ခြင်း၊ ကုသခြင်းနှင့် ပြည့်နေသောဘုရားသခင်၏ ချစ်ခြင်းမေတ္တာကျေးဇူးကို ဘဝအသက်တာထဲ စီးဆင်းစေရန် ခွင့်ပြုပေးရန် ဖြစ်သည်။ ဘုရားသခင်၏ နက်နဲသော ဘုရားအဖြစ်တော်နှင့် ပုဂ္ဂိုလ်သုံးပါးတို့၏ နှလုံးတော်မှ သနားခြင်းကရုဏာသည် အဆက်မပြတ် စီးဆင်းနေပါသည်။ အသင်းတော်သည် အထူးသဖြင့် ယနေ့ခေတ် အခါသမယတွင် ဘုရားသခင်၏သနားကြင်နာခြင်းကို သက်သေခံဝေမျှရန် ခရစ်တော်ကို စံထား၍နေထိုင်ရှင်သန်ကြရန်ခေါ်ခြင်းခံရပါသည်။ ဘုရားသခင်သည် ကျွန်ုပ်တို့၏ အပြစ်များ၊ အချုပ်အနှောင်များနှင့် စိတ်ပျက် အားငယ်ခြင်းများအားလုံးကို မိမိ၏ကြီးမားသော သနားခြင်းမြစ်ရေဖြင့်ဆေးကြောပေးပါမည့်အကြောင်း ကျွန်ုပ်တို့ ဆုတောင်းပါသည် ဟူ၍လည်း ပြောကြားခဲ့ကြောင်းသတင်းရရှိပါသည်။

**(CBCM-OSC)**

# ဘုရားသခင်ဆီမှလာသောအချစ်မဟုတ်လျှင်၎င်းအချစ်သည်အတုဖြစ်သည်



ဩဂုတ်လ(၁၁)ရက်နေ့၊ Laguna သာသနာ၊ Sanpabloတွင် ဦးပဋ္ဌင်းကြီးသိက္ခာတင်သော ဒီကင်တစ်ချို့နှင့်အိမ်ထောင်သည်ဘဝသို့ ခေါ်တော်မူခြင်းခံရသော သူများအား ဆရာတော်တစ်ပါးက စစ်မှန်သော ချစ်ခြင်းမေတ္တာ၏ အရင်းအမြစ်သည်ဘုရားဆီမှ လာသည်ဟု မိန့်ကြားသွားကြောင်းသိရသည်။ San Pablo ဆရာတော် Buenaventura M. Famadico D.D.ကလည်း အကယ်၍ သင်တို့၏ခေါ်တော်မူခြင်းသည် ဘုရားဆီမှ လာသည် မဟုတ်ခဲ့လျှင် ၎င်းခေါ်တော်မူခြင်းသည် အတုပင်ဖြစ်လိမ့်မည်။ တစ်ချို့သောသူသည် မိမိအကျိုးကို မျှော်ကိုးပြီး တစ်ဖက်သားအား အချစ်တုတွေ ပေးတတ်ကြသည်ဟုမိန့်မြွက်ထားကြောင်းသိရသည် အချစ်အတုနှင့် တစ်ကိုယ်ကောင်းဆန်ခြင်းတို့နှင့်ပတ်သက်ပြီး Prelateဆိုသူကလည်း အခုလို"အချစ်၏ဆန့်ကျင်ဖက်သည်အမုန်းဖြစ်ပြီး တစ်ချို့သောသူများသည် မိမိတို့၏ ခေါ်တော်မူခြင်း ခံရသောဘဝကို ငြင်းပယ်ကြသည်။အဘယ်ကြောင့်ဆိုသော်မိမိသားမယားအပေါ် လုပ်ဆောင်ရမည့်တာဝန်ဝတ္တရားများ၊ ဒုက္ခအခက်အခဲများကို ရှောင်ရှားလိုကြသည်။ ဆက်လက်ပြီး မိမိ၏သာသနာ့အမှုတော် ထမ်းဆောင်စဉ် တွေ့ကြုံခံစားရခဲ့ရသော ဘုရား၏ ချစ်ခြင်းမေတ္တာအရေးပါပုံအကြောင်းကို ဖြည့်စွက်ပြောကြားသွားသည်။ ဒီကင်များအား ခရစ်တော်သခင် လူများကိုမည်သို့မည်ပုံ အစေခံခဲ့ပုံကို အတုယူပြီး စိတ်နှလုံးထဲ၌ အမြဲထည့်သွင်းထားရန်၊ ဒီကင်ဘဝဆိုသည်မှာ ပျော်ရွှင်စရာကောင်းသောဘဝ၊ ကျေနပ်စရာကောင်းသောဘဝဖြစ်စရန် နည်းပါးကောင်းနည်းပါးလိမ့်မည်။ အဘယ့်ကြောင့်ဆိုသော် ၎င်းဘဝသည် ဘုရား၏ချစ်ခြင်းမေတ္တာကို ဗဟိုပြုထားခြင်းကြောင့် ဖြစ်သည်။ ဘဝတိုင်းသည် ဘုရားကပေးသောလက်ဆောင်မွန်ဖြစ်ပြီး စစ်မှန်သောပျော်ရွှင်ခြင်းသည် ဘုရားဆီမှလာသော လက်ဆောင်မွန် တစ်ခုလည်းဖြစ်သည်။ အိမ်ထောင်သည်ဘဝ၊ ရဟန်းဘဝကိုဆိုရာမှာလည်း ဘုရားကရွေးချယ်ပေးထားခြင်းပင်ဖြစ်သည်။

ဘုရားပေးသော ချစ်ခြင်းမေတ္တာပျောက်ကွယ်သွားလျှင် စစ်မှန်သောပျော်ရွှင်ခြင်းလည်း ပျောက်ကွယ်သွားမည်ဖြစ်သည်။ သနားကရုဏာနှစ်တွင် သူတော်စင်များအပေါ်၌ သော်လည်းကောင်း၊ သာမန်လူပုဂ္ဂိုလ်များအပေါ်၌ သော်လည်းကောင်း သနားကရုဏာအမှုများ အထူးပြုသရမည့်နှစ်တစ်နှစ်ပင်ဖြစ်သည်။ ထိုအရာများသည် ကျွန်ုပ်တို့၏ ဆန္ဒဖြင့်မဖော်ဆောင်နိုင်သော်လည်း ဘုရားကျေးဇူးနှင့် ဘုရား၏အကူအညီပါရှိလျှင် ဖော်ဆောင်နိုင်ပါသည် ဟု ပြောကြားသွားကြောင်း CBCP သတင်းမှသိရှိရပါသည်။(CBCM-OSC)

# ပညာရေးကော်မရှင်၏နှစ်စဉ်ပုံမှန်အစည်းအဝေး




Episcopal Commission For Education (ECE) မှဦးဆောင်၍ Annual Educational meeting ပြုလုပ်သွားခဲ့သည်။ ၎င်းသင်တန်းကို Diocesan Commission For Education (DCE) သာသနာအသီးသီးမှ ဒါရိုက်တာများနှင့် အဖွဲ့ဝင်များ၊ နိုင်ငံခြားသားများအပါအဝင် စုစုပေါင်း(၄၂)ဦးပါဝင်တက်ရောက်ခဲ့သည်။ ဤသင်တန်းပြုလုပ်ရခြင်း၏ အဓိကရည်ရွယ်ချက်များမှာ မိမိတို့သာသနာ၌ ကိုယ်ပိုင်ကျောင်း ဖွင့်လှစ်နိုင်ရန် အထောက်အကူအဖြစ် နိုင်ငံခြားကိုယ်ပိုင်ကျောင်း၊ ဥပမာ-စင်္ကာပူ၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင် ကိုယ်ပိုင်ကျောင်းများအကြောင်း ဝေမျှခြင်း၊ ပုသိမ်သာသနာ ကိုယ်ပိုင်ကျောင်း စတင်ဖွင့်လှစ်ပြီးဖြစ်၍ ၎င်းကျောင်းအကြောင်း ဝေမျှခြင်းများ ပြုလုပ်သွားခဲ့သည်။ ထို့နောက်သာသနာအသီးသီးမှ မိမိတို့ သာသနာအတွင်းရှိဘော်ဒါကျောင်းဦးရေ၊ ဆရာ/မဦးရေ၊ ကျောင်းသူ/သားဦးရေနှင့်၊ မိမိတို့သာသနာတော်ထဲ၌ ပညာရေးအခန်းကဏ္ဍများ ပြုလုပ်ခဲ့သော အရာများကို Power point presentation ဖြင့် ဝေမျှခဲ့သည်။ ဝေမျှခြင်းများအပေါ် အပြန်အလှန်မေးခွန်းများ အမေးအဖြေပြုလုပ်သွားခဲ့သည်။ ၎င်းအပြင် ပညာရေး update ဖြစ်ရန်အတွက်ပါ ဆွေးနွေးခဲ့သည်။ ၎င်းသင်တန်းကို ပြုလုပ်နိုင်ရန် အဖက်ဖက်မှဦးဆောင်ပေးသော (ECE) Director နှင့် အဖွဲ့ဝင်များအားလုံး၏ စွမ်းဆောင်မှုကြောင့် သာသနာအသီးသီးမှ ပညာရေးအမြင် ပိုပွင့်လာသည့်အတွက် ကျေးဇူးတင်ကြောင်း၊ အသိအမှတ်ပြုသင်တန်းကို ဩဂုတ်လ (၁၀-၁၁)၊ (၂၀၁၆)ခုနှစ်၌ ဆရာတော်ကျောင်းတိုက် (CBCM)တွင် ပြုလုပ်သွားခဲ့ကြောင်း သတင်းရရှိပါသည်။စစ္စတာရဲ ရေမွန်းဒါ(ZSLF)

ဗန်းမော်သာသနာ

# အခြေခံသမ္မာကျမ်းစာသင်တန်း



သမ္မာကျမ်းစာတာဝန်ခံဖာသာရ်ဘောစကိုစောလားထူး၊ ဖာသာရ်မောရစ်ညွှန့်ဝေနှင့် Sr.Easter Zaung Nan တို့မှသမ္မာကျမ်းစာဖွဲ့စည်းပုံ၊ သမ္မာကျမ်းစာနှင့် သခင်မဆက်နွယ်နေကြောင်းသမ္မာကျမ်းစာသည် ထူးခြားသောစာအုပ်ဖြစ်သည်။သမ္မာကျမ်းစာမှတ်တမ်းလွှာ၊ သမ္မာဟောင်းနှင့်သမ္မာသစ်ပါဝင်သောကျမ်းစာ၊ ကျမ်းစာကိုစာအုပ်တစ်အုပ်အဖြစ်ဖတ်ရှုခြင်း၊ သမ္မာကျမ်းစာဝေမျှခြင်းနှင့် အသင်းအဖွဲ့တည်ထောင်ခြင်း ၊ ကျမ်းစာဝေမျှခြင်း၌ထားရှိရမည့် စိတ်နေသဘောထား စသည့်ခေါင်းစဉ်များဖြင့်သင်တန်းတစ်ခုကို ၂၀၁၆ခုနှစ်ဩဂုတ်လ(၇-၁၁)ရက်နေ့အထိပြုလုပ်ခဲ့ရာ သင်တန်းသို့ဘာသာတူ(၁၀၇)ဦး တက်ရောက် ပါဝင်ခဲ့ကြကြောင်းသတင်းရရှိပါသည်။ (Mai Mai – R.V.A ,ဗန်းမော်)

# အခြေခံသမ္မာကျမ်းစာတော်မြတ်နှင့်အာရှနည်း/ဟန်သာသနာပြုနည်း

ကျိုင်းတုံသာသနာ

တမန်တော်လုပ်ငန်းနှင့် လူမှုရေးဖွံ့ဖြိုးရေးကို လုပ်ဆောင်ရာ၌ နှုတ်တော်ထွက်စကားသည်အရေးကြီး၍ အဖွဲ့အစည်း ငယ်တိုင်းကို သမ္မာကျမ်းစာတော်မြတ်နှင့် ရင်းနီးဝေမျှခြင်းပြုနိုင်ရန် အခြေခံသမ္မာကျမ်းစာတော်မြတ်သင်တန်း အမှတ်စဉ် (၂၄) နှင့် အာရှနည်း/ ဟန် သာသနာပြုနည်း (ASIPA)သင်တန်းကို ကျိုင်းတုံဂိုဏ်းအုပ်သာသနာ မိုင်းပေါက်အုပ်စုတွင် ဩဂုတ်လ ၁-၆၊၈၊၂၀၁၆ အထိ ပြုလုပ်ခဲ့ပါသည်။ သင်တန်းသို့ ဓမ္မဆရာ/မများ၊ ရွာသူကြီး ကျောင်းတကာ၊ မိခင်နှင့် လူငယ်များစုစုပေါင်း (၇၁)ဦး တက်ရောက်ခဲ့ပါသည်။ သင်တန်းမှရရှိခံစားရသော သင်တန်းသူ/သားများဘက်က သက်သေခံခဲ့သည်မှာ သမ္မာကျမ်းစာသည် ကျွန်ုပ်တို့၏အိမ်၌ရှိခြင်းသည် ဘုရားရှင်ကျွန်ုပ်တို့နှင့်အတူရှိနေသည်ဟုခံစားရကြောင်း၊ ဘုရား၏နှုတ်ကပါတ်တော်သည် ကျွန်ုပ်တို့အတွက် ခွန်အားသစ်အမှန်တကယ်ရရှိခံစားခဲ့ရကြောင်း၊ ၎င်းခွန်အား ကျေးဇူးတော်ကြောင့်ဇဝံဂေလိ မျိုးစေ့ကြဲနိုင်ပြီး ဟောပြောသက်သေခံခြင်းကို တတ်အားသမျှ လုပ်ဆောင်သွားမည်၊ ကျွန်ုပ်တို့သည် ဘုရား၏အသုံးတော်ခံဖြစ်၍လူသားတိုင်းကို ကောင်းကင်နိုင်ငံ၏လမ်းခရီးလမ်းညွှန်ပြနိုင်မည်ဖြစ်ကြောင်း ဓမ္မဆရာတစ်ဦးနှင့်အတူ အားလုံးမှလည်း စိတ်သဘောတူညီစွာဖြင့် ပြောကြားသွားခဲ့ပါသည်။



ရှိစ့်(Sdp)

# အာရှတစ်ခုလုံးဆိုင်ရာ Signis အထွေထွေညီလာခံ

မြန်မာတစ်နိုင်ငံဆိုင်ရာကက်သလစ်လူထုဆက်သွယ်ရေးရုံးသည် ဆက်သွယ်ရေးနှင့်ပတ်သက်သော သင်တန်းများ၊ အစည်းအဝေးများ၊ လုပ်ငန်းဆောင်တာများကို အဆက်မပြတ်ကြိုးစားနေပါသည်။ တိုးတက်ပြောင်းလဲနေသော ယခုမျက်မှောက်ခေတ်တွင် မိမိတို့၏လုပ်ငန်းတာဝန်များကို ကျေပွန်စွာဆောင်ရွက်နိုင်ကာ ဖဝံဂလိသတင်းကောင်း ဝေမျှသက်သေခံရာ၌ မီဒီယာကွန်ရက်ကို ကောင်းမွန်ထိရောက်စွာဖြင့် အသုံးပြုနိုင်စေရန်လည်းကြိုးစားနေပါသည်။ နိုင်ငံတကာ အစည်းအဝေးကြီးများဖြစ်သော အာရှတိုက်ရှိ ကက်သလစ်ဆရာတော်ကြီးများဆိုင်ရာ လူထုဆက်သွယ်ရေးတာဝန်ခံ ဆရာတော်ကြီးများ၏ အထွေထွေညီလာခံကို ၂၀၁၅ခုနှစ် နိုဝင်ဘာလတွင် ရန်ကုန်မြို့၌ အောင်မြင်စွာလက်ခံကျင်းပနိုင်ခဲ့ပြီးဖြစ်ပါသည်။ ယခုအခါအာရှတိုက်ရှိ ကက်သလစ် ဆရာတော်ကြီးများဆိုင်ရာ လူမှုဆက်သွယ်ရေးရုံး၏ အစိတ်အပိုင်းတစ်ခုဖြစ်သော Signis Asia Assembly 2016 အထွေထွေညီလာခံကို ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း ဘေးနားတွင်ရှိသော Myanmar Sport Hotel တွင် ၂၀၁၆ခုနှစ်၊ ဩဂုတ်လ (၂၁)ရက်နေ့မှ(၂၆)ရက်နေ့အထိ ပထမဆုံးအကြိမ်အဖြစ် လက်ခံကျင်းပခဲ့ခြင်းဖြစ်ပါသည်။









အာရှနိုင်ငံ(၂၁)နိုင်ငံတို့မှ ကက်သလစ် မီဒီယာ လုပ်ဆောင်နေကြသော ဆရာတော်ကြီးများ၊ ဘုန်းတော်ကြီးများ၊ ဘာသာတူ ညီအစ်ကို မောင်နှမများ စုစုပေါင်း (၃၆)ဦး ပါဝင်တက်ရောက်ခဲ့ကြပါသည်။ ထို့အပြင် မြန်မာပြည်သာသနာအသီးသီးတွင် လူထုဆက်သွယ်ရေးတာဝန် ထမ်းဆောင်နေသော ဘုန်းတော်ကြီးများလည်း ပါဝင်တက်ရောက်ခဲ့ကြသည်။ ဤကဲ့သို့ နိုင်ငံတကာမှ ကိုယ်စားလှယ်များသည် မြန်မာပြည်သို့လာရောက်ကာ မြန်မာတို့၏ ယုံကြည်ခြင်းတွင် ခိုင်မာမှု၊ စည်းလုံးမှု၊ ရက်ရောမှုများ တို့ကို မျက်ဝါးထင်ထင် မြင်တွေ့ခဲ့ကြသည်။ ထိုညီလာခံတွင် မီဒီယာကိုအသုံးပြု၍ ပညာပေး ဗီဒီယို၊ ရေဒီယို၊ ပိုစတာ နှင့် ဓါတ်ပုံပြိုင်ပွဲများကို'**Merciful Action through Media**' ဆောင်ပုဒ်မှာ မီဒီယာအားဖြင့်ကြင်နာသနားခြင်း ပြုလုပ်ခြင်း"ခေါင်းစဉ်ဖြင့် ပြုလုပ်ခဲ့ပါသည်။

**ဗွီဒီယိုပြိုင်ပွဲ။** ။ငါးမိနစ်စာ ဗွီဒီယိုအတွက် "Two blind men were treated and depressed by people" ခေါင်းစဉ်ဖြင့် အိန္ဒိယနိုင်ငံမှဆွတ်ခူးရရှိခဲ့ပါသည်။ ဆုချီးမြှင့်ခြင်းအခမ်းအနားကို သိမ်ဖြူလမ်း ရန်ကုန်မြို့ရှိ ကက်သလစ်ဂိုဏ်းချုပ်ဆရာတော်ကြီးကျောင်းတိုက်၌ ဓမ္မတေးသီချင်းဆိုပြိုင်ပွဲအပြီးတွင်ပြုလုပ်ခဲ့ပြီး တာဝန်ရှိသူတစ်ဦးမှဆုငွေအဖြစ် အမေရိကန်ဒေါ်လာ (၇၅၀)နှင့် အမှတ်တရဆုတံဆိပ်ကိုပေးအပ်ချီးမြှင့်ခဲ့ပါသည်။


SIGNIS ASIA
MEDIA AWARD
SIGNIS ASIA
World Catholic Association for Communication
*Yangon MYANMAR, August 21-27, 2016*
*This Certificate is awarded to*
*SIGNIS India*
*for participating in the*
SIGNIS ASIA MEDIA AWARD 2016
*Five Minutes Video : Two blind men were treated and depressed by people*
*Merciful Action Through Media*
Fr Gabriel Htun Myint
President, SIGNIS Asia
Bernadetta Widiandayani
Secretary, SIGNIS Asia




**ရေဒီယိုပြိုင်ပွဲ။** ။ တစ်မိနစ်စာရေဒီယိုပြိုင်ပွဲအတွက် ပထမဆုကို "Velichamaya Sabdam (Light from voice)" ခေါင်းစဉ်ဖြင့် အန္ဒိယနိုင်ငံမှလည်းကောင်း၊ ငါးမိနစ်စာရေဒီယိုအတွက် "My Father's Story" ခေါင်းစဉ်ဖြင့် ဖိလစ်ပိုင်နိုင်ငံမှလည်းကောင်းအသီးသီးဆွတ်ခူးရရှိခဲ့ရာ တစ်မိနစ်စာရေဒီယိုအတွက် ဆုကြေးငွေအဖြစ် အမေရိကန်ဒေါ်လာ(၃၀၀)နှင့်အမှတ်တရဆုတံဆိပ်၊ ငါးမိနစ်စာရေဒီယိုအတွက် အမေရိကန်ဒေါ်လာ (၅၀၀)နှင့်အမှတ်တရဆုတံဆိပ်တို့ကို တာဝန်ရှိသူများမှ ပေးအပ်ခဲ့ပါသည်။






**ဓါတ်ပုံနှင့်ပိုစတာ။** ။ပိုစတာပြိုင်ပွဲယှဉ်ပြိုင်ရာတွင်လည်း ပထမဆုကို "Merciful is the Neighbour"ခေါင်းစဉ်ဖြင့် အိန္ဒိယနိုင်ငံမှ ဆွတ်ခူးရရှိခဲ့ရာ ဆုကြေးငွေအဖြစ် အမေရိကန်ဒေါ်လာ (၃၀၀)နှင့် အမှတ်တရဆုတံဆိပ်ကိုပေးအပ်ခဲ့ပါသည်။**(CBCM-OSC)**

# ဓမ္မတေးသီချင်းဆိုပြိုင်ပွဲနောက်ဆုံးအဆင့်

မြန်မာ့ကက်သလစ်အနုပညာရှင်များအဖွဲ့အစည်း၏ လေးနှစ်ပြည့်မွေးနေ့အခမ်းအနားနှင့်အတူ မြန်မာနိုင်ငံတွင် ပြုလုပ်ကျင်းပနေသည့် ပထမဦးဆုံး ကက်သလစ်ဓမ္မတေးသီချင်းဆိုပြိုင်ပွဲကြီး၏နောက်ဆုံးပြိုင်ပွဲကို၂၄၊၈၊၂၀၁၆နေ့ညဥ့်မဏ္ဍားတရားတော်မြတ်နှင့်ရန်ကုန်ကက်သလစ်ဂိုဏ်းချုပ်ဆရာတော်ကြီးကျောင်းတိုက်တွင်ပြုလုပ်ခဲ့ပါသည်။ သီချင်းဆိုပြိုင်ပွဲနှင့်အာရှတစ်ခုလုံးဆိုင်ရာ Signis အထွေထွေညီလာခံသို့တက်ရောက်လာသူ ဧည့်သည်တော်များအား တိုင်းရင်းသားရိုးရာယဥ်ကျေးမှုအကများဖြင့် ဖျော်ဖြေခဲ့ပါသည်။ သီချင်းဆိုပြိုင်ပွဲတွင် ဆန်ကာတင်ဝင်ငါးဦး ပါဝင်ယှဥ်ပြိုင်ကြရာ ပြိုင်ပွဲတွင် ဒိုင်များအဖြစ် နိုင်ငံကျော်တေးသံရှင် နွဲ့ယဥ်ဝင်း၊ နိုင်ငံကျော်တေးသံရှင် ကေဂျာနူး၊ တေးရေး/ဆို ရယ်ဂျီ၊ တေးရေး/ဆို ဆေရယ် တို့မှ ပြုလုပ်ပေးခဲ့ပါသည်။



ပြိုင်ပွဲတွင်ပထမဆုကို ဖိုးလုံး(မန္တလေးသာသနာ)၊ ဒုတိယဆုကို မေရီ(တောင်ငူသာသနာ)၊ တတိယဆုကို ဆလိုင်းလသွေးဉာဏ(ပြည်သာသနာ) တို့မှ အသီးသီးဆွတ်ခူးရရှိခဲ့ပြီး နှစ်သိမ့်ဆုနှစ်ဆုကို ဂျွန်ဇော်ရိန်အောင်(ဗန်းမော်သာသနာ)နှင့် ဆိုဖီယာ(ပုသိမ်သာသနာ)တို့မှ အသီးသီးဆွတ်ခူးရရှိခဲ့ပါသည်။ ဆုရရှိသူများကို ဆုတော်ငွေချီးမြှင့်ရာတွင် ပထမဆုကို ငွေကျပ်(၁၀)သိန်း၊ ဒုတိယဆုကိုငွေကျပ်(၇)သိန်း၊ တတိယဆုကို ငွေကျပ်(၅)သိန်းနှင့် နှစ်သိမ့်ဆုနှစ်ဆုအတွက် ငွေကျပ်(၂)သိန်းဆီအသီးသီး ချီးမြှင့်ခဲ့ပါသည်။ ထို့အပြင် သီးချင်းဆိုပြိုင်ပွဲဝင်ငါးဦးကို အာရှတစ်ခုလုံး ဆိုင်ရာ Signisအဖွဲ့မှ အမေရိကန်ဒေါ်လာတစ်ရာနှင့် မြန်မာငွေကျပ်ငါးသောင်းစီ ပေးအပ်ချီးမြှင့်ခဲ့ပါသည်။




ပြိုင်ပွဲတွင်ပထမဆုရရှိသူဖိုးလုံးမှကျေးဇူးတင်စကားပြောကြားရာတွင် "ပထမဦးစွာဘုရားသခင်ကိုကျေးဇူးတင်ပါတယ်။ ပထမဆုရဖို့မျှော်လင့်မထားပါဘူး။ ခုလိုဆုရရှိတဲ့အတွက် အတိုင်းမသိဝမ်းသာပါတယ်။ ပြိုင်ပွဲအစကနေအဆုံးအထိ ကျွန်တော့်ကိုကူညီပေးတဲ့ RVA(မန္တလေး)မှ စစ္စတာရ်ဆေးဖောကိုလည်းကျေးဇူးတင်ပါတယ်။ လာရောက်အားပေးတဲ့သူတွေကိုလည်း ကျေးဇူးတင်ပါတယ်။ဆက်လက်ပြီးလည်းအားပေးစေချင်ပါတယ်"ဟု ပြောကြားခဲ့ပါသည်။










တေးသံရှင် အန်တီနွဲ့ယဥ်ဝင်းမှလည်း "ရစေချင်တာတော့အားလုံးကိုရစေချင်တာပေါ့၊ဒါပေမယ့်လည်း အမှားနည်းပြီး အကောင်းဆုံးသူကို ရွေးချယ်ခဲ့တာပါ။ အားလုံးကတော်ပါတယ်။ တော်လို့လည်းငါးဦးစလုံး နောက်ဆုံးအဆင့်ထိရောက်ရှိလာခဲ့တာပေါ့။ ဆက်လက်ပြီးတော့လည်းသူတို့ကို အခွေထုတ်ပေးဖို့ရှိတယ်။ နောက်ထပ်လည်းသီးချင်းဆိုပြိုင်ပွဲတွေ ထပ်လုပ်ပေးနိုင်အောင်ကြိုးစားသွားမှာပါ" ဟုပြောသည်။



မြန်မာနိုင်ငံလုံးဆိုင်ရာ ကက်သလစ်လူထုဆက်သွယ်ရေးဒါရိုက်တာ Fr.Leo မှလည်း "တေးသီချင်းပြိုင်ရတဲ့ရည်ရွယ်ချက်မှာ ကက်သလစ်လူထုဆက်သွယ်ရေးနေ့ နှစ်(၅၀)ကြိမ်မြောက်ကို ဂုဏ်ပြုသောအားဖြင့် အနုပညာရှင်များဟာ လုပခြင်းကို ထိန်းသိမ်းစောင့်ရှောက်သူများ လူသားထုအတွက် မျှော်လင့်ချက်၏ သက်သေခံသူများ ကြေငြာဟောပြောသူများဖြစ်ကြောင်းကိုနှလုံးမူကာ ဘုရား၏ ဘုန်းဂုဏ်တော်နှင့် အများအကျိုးသယ်ပိုးဆောင်ရွက်နိုင်စွမ်းရှိသည့် ကက်သလစ်အနုပညာရှင်များပေါ်ထွက်စေလိုသည့် ရည်ရွယ်ချက်ဖြင့် ကျင်းပရခြင်း" ဖြစ်သည်ဟု ပြောပါသည်။ **ပင်ကီ(MDY-OSC)**

# ကက်သလစ်ဓမ္မတေးသီချင်းခွေများထုတ်လုပ်ရန် ပြင်ဆင်နေပြီ

နေ့စဉ်မစ္ဆားတရားပူဇော်ရာတွင်အသုံးပြုသီဆိုနေသော ဓမ္မသီချင်းများကို ခေတ်ပေါ်တူရိယာများအသုံးပြု၍ အသံစုံဖြင့် ညီညာစွာဖော်ကြူးထားသောဓမ္မသီချင်းအခွေကို ကာရာအိုကေဖြင့်သီဆိုနိုင်ရန်ဖန်တီးထားပါသည်။ ထိုသို့ဖန်တီးထားရခြင်းမှာ မည့်သည့် ဝတ်ပြုခြင်းအခမ်းအနားများတွင်မဆို နှီးနှီးကြားကြားဖြင့် လွယ်ကူစွာအသုံးပြုနိုင်ရန် ရည်ရွယ်ချက်ဖြင့်ဖြစ်ပါသည်။



မြန်မာနိုင်ငံလုံးဆိုင်ရာ ပထမဦးဆုံးဓမ္မတေးသီချင်းဆိုပြိုင်ပွဲမှ ဆန်ကာတင်လက်ရွေးစင်ကိုးဦးတို့၏သီးချင်းအသစ်များကိုလည်း DVDတေးစီးရီးအဖြစ်ထုတ်လုပ်နေပါသည်။ ထို့အပြင် ခရစ္စမတ်တေးသီချင်းများကိုလည်း မြန်မာနိုင်ငံ ကက်သလစ်အနုပညာရှင်များအဖွဲ့အစည်း(CCAA)မှ တေးသံရှင်များ မှ သီဆိုပုံဖော်ကာ ထုတ်လုပ်မည်ဖြစ်ပါသည်။



ထိုခွေများကို မြန်မာနိုင်ငံလုံးဆိုင်ရာ ကက်သလစ်ဆရာတော်ကြီးများအဖွဲ့ချုပ်တွင် ဖွင့်လှစ်ထားသော “TRINITA STUDIO” တွင် အသံသွင်းနေပြီဖြစ်ရာ မကြာမှီအချိန်တွင် ၎င်းဓမ္မတေးသီချင်းခွေကို မြန်မာနိုင်ငံလုံးဆိုင်ရာ ပြန်ကြားရေးနှင့်လူထုဆက်သွယ်ရေးရုံး (CBCM-OSC) ရုံးမှဖြန့်ချီပေးမည်ဖြစ်ကြောင်း ကြိုတင်သတင်းကောင်းပါးအပ်ပါသည်။**(CBCM-OSC)**

# (၁၂)ကြိမ်မြောက်ဒေသနာတော်ဟောကြားခြင်း



**ရန်ကုန်ဂိုဏ်းချုပ်သာသနာ**

ရန်ကုန်မြို့ (အင်းစိန် -စိန်ပီတာ စိန်ပေါလ်ဘုရားကျောင်း၌ (၂၁၊၈၊၂၀၁၆) နံနက်(၁၀း၀၀-၂း၀၀)နာရီထိ Rev.Fr.Bo Bo နှင့် Rev.Fr.Byan ဗညားတို့အဖွဲ့မှ ဦးဆောင်ကာ (၁၂)ကြိမ်မြောက်ဒေသနာတော်ဟောကြားခြင်းကို ပြုလုပ်ခဲ့ပါသည်။ Rev.Fr.Bo Bo မှ **"မိသားစုများရဲ့ မိသားစုဆိုသော"** ခေါင်းစဉ်ဖြင့် ဩဝါဒတရားရေအေးကိုတိုက်ကျွေးခဲ့ရာတွင် ကျွန်တော်တို့ခရစ်ယာန်တွေရဲ့ အသက်တာမှာအကောင်းဆုံးသောရွှတ်ဖတ်ရတဲ့ မေတ္တာဟာ ခရစ်တော်ဘုရားရှင် ကိုယ်တိုင်သင်ကြားပေးခဲ့တဲ့ ကောင်းကင်ဘုံမေတ္တာဖြစ်တယ်။ အဲဒီမေတ္တာမှာ ကောင်းကင်ဘုံ၌ကျိန်းဝပ်တော်မူသော ကျွန်ုပ်တို့အဖလို့ဖြစ်တယ်။ ဒါကြောင့်မို့ ကျွန်ုပ်တို့ဟာ ကောင်းကင်ဘုံမှာရှိတဲ့ အဖရဲ့သားသမီးတွေဖြစ်တယ်။ အဲလောက်ကြီးမြတ်တဲ့ အဲ့ဒီလောက်လေးနက်တဲ့ မိသားစုကြီးထဲမှာ ကျွန်ုပ်တို့ဟာ ပါဝင်တယ်။ Pope John Paul II ကဘာပြောလဲဆိုရင် မိသားစုတိုင်းဟာ ၊အိမ်ထောင်စုတိုင်းဟာ ၊တိုင်းပြည်တိုင်းဟာမိသားစုတွေအပေါ်မှာ တည်ဆောက်ထားတာဖြစ်တယ်။ ဘာသာတူအုပ်စုဟာလည်းမိသားစုဖြစ်တယ်။အဲဒီတော့ ဒီမိသားစုပျက်ရင်ကမ္ဘာပျက်မယ်။ ဒါကြောင့်မို့ လူ့အသိုင်းအဝိုင်း အဆောက်အအုံအားလုံးရဲ့အုတ်မြစ်သည် မိသားစုဖြစ်ပါတယ်။ မိသားစုဟာလူ့အသိုင်းအဝိုင်းရဲ့ အခြေခံအုတ်မြစ်ဖြစ်ပါတယ်။ အခြေခံပျက်စီးလျှင် အားလုံးဟာ ပျက်စီးလာမယ်။ ဒါကြောင့်မို့ ဒီကနေ့ ဒီမိသားစုမှမိသားစုဆိုတဲ့ခေါင်းစဉ်လေးကို သေချာရွေးချယ်လာရခြင်းဖြစ်တယ်။မိသားစုနဲ့ပတ်သက်တဲ့ အဖြစ်အပျက်လေးတစ်ခု ပြောပြချင်ပါတယ်။တစ်ခါတုန်းက မိသားစုတစ်စုမှာ ကလေးတစ်ဦး ထွန်းကားခဲ့ပါတယ်။ အဲဒီကလေးကို အမေရော၊ အဖေရောအရမ်းချစ်ကြတယ်။ တစ်ရက်မှာ ယောကျ်ားအလုပ်သွားခါနီးမှာ မိန်းမဒီဆေးပုလင်းက အန္တရာယ်ရှိတယ်နော်။ ကလေးကဘာမှနားမလည်သေးဘူးသေချာသိမ်းလိုက်ဦးနော်လို့မှာခဲ့တယ်။မိန်းမလုပ်သူကလည်းအလုပ်တွေလုပ်ရင်း ဆေးပုလင်းကိုသိမ်းဖို့ မေ့သွားတယ်။ အဲဒီအချိန်မှာပဲ ကလေးက အဲဒီဆေးကို စားလိုက်တယ်။ အဲဒီမှာပဲကလေးက မျက်လုံးပြူးမျက်ဆံပြူးဖြစ်လာတယ်။အမေလုပ်သူကလည်းဘာလုပ်ရမှန်းမသိဖြစ်ပြီး ယောကျ်ားကိုဖုန်းဆက်ပြီး သားလေးဘာဖြစ်လဲမသိဘူး အိမ်ပြန်လာခဲ့ပါလို့ဖုန်းလှမ်းဆက်တယ်။အဲဒီအချိန်လေးမှာပဲ ကလေးကဆုံးသွားခဲ့တယ်။အဲဒီအခြေအနေမှာ ယောကျ်ားလုပ်သူက မိန်းမကို ငါမင်းကိုချစ်ပါတယ်လို့ ပြောခဲ့တယ်။ ကလေးက ပထဦးဆုံးရတဲ့ သားဦးရတနာလေးဖြစ်တယ်။ကလေးကသေသွားပြီ၊ဘယ်တော့မှလည်းငါတို့ဘဝထဲကိုပြန်လာမှာမဟုတ်တော့ဘူး၊ ဒါကြောင့် ကလေးဆုံးသွားပေမယ့်လည်း မင်းနဲ့ငါနဲ့ တစ်ယောက်နဲ့တစ်ယောက်အပြစ်ပြောနေလို့လည်းအလကားပဲ။ငါ့ကလေးဆုံးသလို မင်းကလေးလည်းဆုံးတာပဲ။ ငါလည်းဝမ်းနည်းသလို မင်းလည်းဝမ်းနည်းတာပဲ။ ဒါကြောင့်မို့ ဒီအချိန်မှာ တစ်ယောက်နှင့်တစ်ယောက်သနားခြင်းတွေ၊ အပြန်အလှန်နှစ်သိမ့်ခြင်းတွေပေးပြီး တို့ဘဝကို ရှေ့ဆက်လျှောက်ကြရအောင်လို့ပြောခဲ့တယ်။ မိသားစုတွေ ယောကျ်ားရဲ့အပြစ်၊ မိန်းမရဲ့အပြစ်၊ သားသမီးတွေရဲ့ အပြစ်လို့ မထောက်ကြပဲ နားလည်ခွင့်လွှတ်ပေးတတ်တဲ့ မိသားစုတွေဆိုရင် ကမ္ဘာကြီးကအင်မတန်မှ ကြင်နာပြီး၊ ငြိမ်သက်ခြင်း၊ ပျော်မွေ့ခြင်းနဲ့ပြည့်နေမယ်။ ဒါကြောင့်မို့ ကျွန်ုပ်တို့ဟာ မိသားစုဝင်အချင်းချင်းချစ်ကြရမယ်။လေးစားကြရမယ်။အပြန်အလှန်ပါရမီဖြည့်ရမယ်။ အပြန်အလှန်ဆုချကြရမယ်။အပြန်အလှန်နားလည်မှုပေးနိုင်ရမယ်ဟု ကမ္ဘာလောကကြီးငြိမ်းချမ်းသာယာရန်အဓိကအခြေခံအုတ်မြစ်သည် မိသားစုများဖြစ်သည်ဟု ဟောကြားခဲ့ပါသည်။

FR.Brian ဗညားမှလည်း ဝိညာဉ်တော်ဘိသိတ်ခြင်းတန်ခိုးတော်၌ ရှင်သန်ခြင်း အသက်တာဆိုတဲ့ခေါင်းစဉ်လေးနှင့် ခွန်အား ယူကြပါစို့။ ဝိညာဉ်တော်နှင့်အသက်ရှင်သန်နိုင်ဖို့ ကျွန်ုပ်တို့ဟာ သခင်ခရစ်တော်လို အသေခံနိုင်ရမယ်။ ကျွန်ုပ်တို့ရဲ့အသက်တာကို ဆက်ကပ်ရမယ်။ ကျွန်ုပ်တို့အပေါ် ဘုရားသခင်တန်ခိုးတော်ဆင်းကြွတဲ့အခါမှာအဖဘုရားသခင်ရဲ့အလိုတော်ပြည့်စုံဖို့ သခင်ခရစ်တော်နှင့်အတူသခင်ခရစ်တော်၌အသေခံရမယ်။ သခင်ခရစ်တော်ဖြတ်သန်းလျှောက်လှမ်းတဲ့အတိုင်း လျှောက်လှမ်းရမယ်။ ဝိညာဉ်တန်ခိုးတော်နှင့်ပြည့်ဝတဲ့သခင်ခရစ်တော် ဘယ်လိုလုပ်ဆောင်ခဲ့သလဲ။ အဖဘုရားသခင်ရဲ့စီမံကိန်းတော်ကို အကောင်အထည်ဖော်တဲ့အခါမှာ ဝိညာဉ်တန်ခိုးနှင့်ပြည့်ဝတဲ့ သခင်ခရစ်တော်ဟာ မိမိကိုယ်ကို ယစ်ကောင်အဖြစ်နှင့် ပူဇော်ဆက်ကပ်လိုက်တယ်။ အသွေး သွန်းလောင်းပြီးတော့ အသေခံလိုက်တယ်။သူ့ရဲ့အသွေးတော်နှင့် အသေခံခြင်းဟာ ကျွန်ုပ်တို့အတွက် အသေခံခြင်းဖြစ်တယ်။ သခင်ခရစ်တော်ရဲ့ အသက်တာဟာဝိညာဉ်တန်ခိုးနဲ့ ရှင်ပြန်ထမြောက်ခဲ့တယ်။ အဲဒီဝိညာဉ်တန်ခိုးနဲ့ ပြန်လည်ရှင်ပြန်ထမြောက်တဲ့ သခင်ခရစ်တော်ရဲ့ ရှင်ပြန်ထမြောက်ခြင်းဟာ တန်ခိုးရှိတယ်။ လူအပေါင်းတို့ကို ပြန်လည်ရှင်ပြန်ထမြောက် စေတဲ့တန်ခိုး၊ အဖဘုရားသခင်ရဲ့ အလိုကိုသိတဲ့တန်ခိုးဖြစ်တယ်။ကျွန်ုပ်တို့ရဲ့ အသက်တာထဲမှာ ဘုရားသခင်ဟာဝိညာဉ်တော်ထဲမှာ နေရာယူတဲ့အခါ ကျွန်ုပ်တို့ရဲ့အပေါ်မှာဘုရားသခင်ရဲ့ဝိညာဉ်တော်ဟာ ဆင်းကြွပြီး တန်ခိုးတော်အဖြစ်နှင့် လွှမ်းခြုံတဲ့အခါ ဘုရားရဲ့တန်ခိုးနှင့် အချိန်တိုင်းရှင်သန်ပြီး သခင်ခရစ်တော်လိုမျိုးပဲ အဖဘုရားသခင်ရဲ့ အလိုတော်ကို ခရစ်တော်၌သိပြီး လူတွေရဲ့အသက်တာကယ်တင်ခြင်းအတွက် သခင်ခရစ်တောနှင့်အတူ သခင်ခရစ်တော်၌ မိမိကိုယ်ကို ယဇ်ကောင်အဖြစ်ပူဇော်ပြီးတဲ့အခါမှာ လူတွေကိုကယ်တင်ခြင်းပေးဖို့ဖြစ်ပါတယ်။စစ်မှန်သောခရစ်ယာန်အသက်တာကို လိုချင်တယ်ဆိုရင်တော့ ဘုရားဝိညာဉ်တန်ခိုး၊ ဘိသိတ်တန်ခိုးကိုခံရမယ်။ဘုရားရဲ့ဝိညာဉ်တန်ခိုးကိုရပြီဆိုရင်ကျွန်ုပ်တို့တွေရဲ့ ဝိညာဉ်ဟာသက်တောင့်သက်တာနှင့်၊စိတ်ကျေနပ်ပြီးနေရမှာမဟုတ်ပါဘူး။အသက်တာကိုဆက်ကပ်ပြီးလုပ်ဆောင်ရမှာ ဖြစ်ပါတယ်။ အဲဒီအသက်တာကိုရှင်သန်ဖို့ဘုရားသခင်ဟာကျွန်တော်၊ကျွန်မတစ်ယောက်စီတိုင်းအစေခံဖို့ ကျွန်ုပ်တို့အသက်တာကို ဘုရားရှင်၌ဆက်ကပ်နိုင်ဖို့ ဘုရားသခင်ရဲ့တန်ခိုး၌ ရှင်သန်သောအသက်တာ ဖြစ်ပါစေဟု ဩဝါဒတရားရေအေးကို တိုက်ကျွေးခဲ့ပါသည်။

Fr.Bo Bo နှင့် Fr.:Byan Bynar တို့ဦးဆောင်သောအဖွဲ့၏ ဒေသနာတော်ဟောကြားခြင်းအစီအစဉ်ကိုပြုလုပ်လာခဲ့သည်မှာ ယခုအကြိမ်သည် တစ်နှစ်ပြည့်သည်ဟုသိရှိရပါသည်။

**Pinky ( MDY-OSC)**

# ကချင်ဘာသာကက်သလစ်သမ္မာကျမ်းစာထုတ်ဝေရန်စီစဉ်

ဩဂုတ်လ(၁၀)၂၀၁၆ ဗုဒ္ဓနေ့၌ ဗန်းမော်ဂိုဏ်းအုပ်သာသနာမှ ဆရာတော်ရေမွန်ဆွန်လွတ်ဂမ်၊မြစ်ကြီးနားသာသနာမှ ဆရာတော်ဖရန်စစ်ဒေါ့တန်၊ လားရှိုးသာသနာမှဆရာတော် ဖိလစ်ဇဟောင်း၊ မန္တလေးဂိုဏ်းချုပ်ဆရာတော် (ငြိမ်း) ပေါလ်ဂရောင်း နှင့်သက်ဆိုင်ရာဘုန်းတော်ကြီးများ ဆရာလုကာ (လားရှိုး)တို့သည် ကချင်ဘာသာ ကက်သလစ်သမ္မာကျမ်းစာ ထုတ်ဝေရန်အတွက် အစည်းအဝေးကို st.Patrick ကာသီဒြယ်တွင်စည်းဝေးခဲ့ကြသည်။ ထိုကချင်ဘာသာကက်သလစ်သမ္မာကျမ်းစာကို ၂၀၀၅ခုနှစ်ခန့် မှစ၍စတင်အကောင်အထည်ဖေါ်ခဲ့ရာ ယခုအစည်းအဝေးတွင်အတည်ပြုပေးခဲ့ပြီး ပထမဦးဆုံးအနေဖြင့် ဓမ္မသစ်ကျမ်းနှင့် ဆာလံကျမ်းကို ထုတ်ဝေသွားမည် ဖြစ်ကြောင်းသိရသည်။ **Fr.Paschal Tu Ja (BMW-OSC)**



# တက္ကသိုလ်ဝင်တန်းအောင်လူငယ်သင်တန်းဖွင့်လှစ်ပြီးစီး

မြစ်ကြီးနားသာသနာ

၂၀၁၅-၂၀၁၆ပညာသင်နှစ် မြစ်ကြီးနား ဘုန်းတော်ကြီးတစ်ပိုင် တက္ကသိုလ်ဝင်တန်း အောင် လူငယ်သင်တန်းကို ဇူလိုင်လ(၂၈) ရက်မှ ဩဂုတ်လ (၄) ရက်နေ့ထိ ပ.လ.န ကျေးရွာ CLAY CENTRE တွင်ပို့ချသင်ကြားပေးခဲ့သည်။

ထိုသင်တန်းသို့ လူငယ် (၃၇) ယောက်ခန့် တက်ရောက်ခဲ့ပြီး သင်တန်းတွင် ယနေ့ခေတ်လူငယ်များ မသိမဖြစ်ပညာရပ်များဖြစ်သော သတင်းပညာကို ဖာသာရ်ဒေါက်တာ ဗိတာခါးအောင်တူး၊ ပညာရေးကဏ္ဍကို ဒေါက်တာခေါင်နော်နှင့် ဒေါက်တာ နန်ဖိန်းလုအောန်၊ စက္ကရမင်းတူး (၇)ပါး အကြောင်းကို ဖာသာရ်ပီတာ တန်ဂွန်းလူငယ်နှင့် နိုင်ငံရေးကို ဒေါက်တာ မနာမ်တူးဂျာ၊ လူအများရှေ့စကားပြောခြင်းကို ဆရာပန်းအောင် (CLAY CENTER)နှင့် ဆက်လက်ပြီး တက္ကသိုလ်တက်ရောက်ရာတွင် ဘာသာရပ်ရွေးချယ်ခြင်း ကဏ္ဍများကို ပို့ချသင်ကြားပေးခဲ့ကြောင်းသိရသည်။



"ယနေ့ခေတ် (၁၀)တန်းအောင် လူငယ်များတက္ကသိုလ်တက်ဖို့ဘာသာရပ်ကို ကောင်းမွန်စွာ ရွေးချယ်တတ်ရန် လိုပါတယ်။ မိမိ စိတ်ဝင်စားတဲ့ တတ်ကျွမ်းချင်တဲ့ ဘာသာရပ်ကို ရွေးချယ်နိုင်မှ ပန်းတိုင်ရောက်တဲ့အထိ ပျော်ရွှင်စွာ လျှောက်လှမ်းနိုင်မှာဖြစ်တယ်"ဟု ဒေါက်တာ နန်ဖိန်းလုအောန်က ပြောသည်။ "ကျွန်မအနေနဲ့ ဒီသင်တန်းကို တက်ရောက်ခွင့်ရလို့ ဘုရားကိုကျေးဇူးတင်သလို အရမ်းကို အားရပါတယ်။ ဘာကြောင့်လဲဆိုတော့ သူငယ်ချင်းသစ်တွေရလာတယ်။ ပိုမိုခင်မင်ရင်းနှီးလာတယ်။ဦးဆောင်ချင်တဲ့စိတ်တွေရှိလာတယ် လူအများရှေ့မှာ ပြောရဲဆိုရဲ ရှိလာပါတယ်၊ ပြီးတော့မရှိနိုင်တဲ့ အားကစားမျိုးစုံကစားရတဲ့အတွက် အရမ်းပျော်ပါတယ်" ဟု လူငယ်တစ်ဦးကပြောသည်။ ထရေဇာအားပန်

# ခရစ္စမတ်အားပေးခြင်းမင်္ဂလာတော်မြတ်ခံယူ

မြစ်ကြီးနားသာသနာ



မြစ်ကြီးနား ဂိုဏ်းအုပ်ဆရာတော်ကြီးလက်တော်မှ လူငယ်(၄၄)ဦးတို့သည် ၁၆၊၈၊၂၀၁၆ နေ့ မစ္ဆားတရားတော်မြတ်နှင့်အတူ ခရစ္စမတ်အားပေးခြင်း မင်္ဂလာတော်မြတ်ကို ခံယူခဲ့ကြပါသည်။ ထိုလူငယ်များသည် မြစ်ကြီးနားသာသနာ Nawng Pung Vocational Training Centre တွင် ဆလေးရှင်း ဘုန်းတော်ကြီးများနှင့် စိန်ပေါလ်သီလရှင်များမှ ပြုစုစောင့်ရှောက်ထားခြင်းဖြစ်ပါသည်။ ထိုစင်တာတွင် စုစုပေါင်းလူငယ် (၁၂၂)ဦးရှိကြောင်းသိရသည်။

**Sr.Julia (MSP)**

# လူ့အခွင့်အရေးဆိုင်ရာအမြင်ဖွင့်သင်တန်း

ပုသိမ်သာသနာ

မြန်မာနိုင်ငံဘာသာပေါင်းစုံ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့မှ ကြီးမှူးကျင်းပသော လူ့အခွင့်အရေး အဓိပ္ပာယ်နှင့် လူ့အခွင့်အရေးအယူအဆသမိုင်းကြောင်း အမြင်ဖွင့်သင်တန်းကို (၂၆၊ ၇၊ ၂၀၁၆) နေ့ နံနက် (၉)နာရီတွင် ပုသိမ်မြို့မင်းကြီးလမ်းနှင့် အောင်ရတနာလမ်းထောင့်ရှိ Karuna Social Centre တွင် ကျင်းပပါ သည်။ သင်တန်းကို ပုသိမ်ကက်သလစ်သာသနာမှ ကျောင်းထိုင်ဘုန်းတော်ကြီး မွန်ဆီညော် ဝီးဖရက်မြင့်စိုး၏ အဖွင့်ဆုတောင်းမေတ္တာဖြင့် စတင်ခဲ့ပါသည်။ ဆက်လက်ပြီးဆရာမ ဒေါ်ခိုင်ဇာလွင်မှ လူ့အခွင့်အရေး၏ အဓိပ္ပာယ်၊ လူ့အခွင့်အရေး အယူအဆသမိုင်းကြောင်းနှင့် ပတ်ဝန်းကျင်ရှိလူ့အခွင့်အရေးအခြေအနေအကြောင်း တို့ကိုဟောပြောပို့ချသွားပါသည်။ အဆိုပါသင်တန်းသည် (၂၆၊ ၇၊ ၂၀၁၆)မှ (၂၈၊ ၇၊ ၂၀၁၆) အထိ(၃) ရက်တာပို့ချသွားခဲ့ပြီး စုစုပေါင်းလူဦးရေ (၄၅)ဦး တက်ရောက်ခဲ့ကြောင်းသိရပါသည်။ နန့်ဂျူလိုင်အေး (ပုသိမ်)

# HIV/AIDS နှင့်လူသားနှင့်လိင်ပိုင်းဆိုင်ရာ အလုပ်ရုံအစည်းအဝေး

**CBCM-COMMISSION**

မြန်မာကက်သလစ် HIV/AIDS ကွန်ယက်(M-CHAN)မှ EDM၏ပညာသင်စရိတ်ထောက်ပံ့ပေးသော ကျောင်းသားများအား ဇူလိုင်(၁၇)(၂၄)နှင့်(၃၁) ရက်နေ့တို့၌ စိန့်ဂျိုးဇက်စစ္စတာရ်ကျောင်းတွင် သင်တန်းပို့ချခဲ့သည်။

ဇူလိုင်လ(၁၇)ရက်နေ့ HIV/AIDS ပညာပေးအစီအစဉ်တွင် သင်တန်းသား တို့၏မျှော်လင့်ချက်၊ HIV/AIDSနှင့် ပတ်သက်သော စမ်းသပ်မေးခွန်းမေးမြန်းခြင်း၊ အုပ်စုဖွဲ့ဆွေးနွေးခြင်း၊ HIV/AIDSကူးစက်သောနည်းလမ်းများ၊ ကာကွယ်နည်း နှင့် HIVပိုး နှင့်အသက်ရှင်နေသူများအပေါ် ခွဲခြားဆက်ဆံခြင်း မပြုသင့်ကြောင်းကိုတင်ပြဆွေးနွေးခဲ့သည်။

ဇူလိုင်လ(၂၄)ရက်နေ့၌လူသားနှင့်လိင်ပိုင်းဆိုင်ရာအကြောင်းကိုလည်းကောင်း၊ ဇူလိုင်လ(၃၁)ရက်နေ့တွင် အချစ်နှင့်ပတ်သက်သောအချစ်၏အစိတ်အပိုင်းများ၊ အချစ်၏ ဖွံ့ဖြိုးမှုအဆင့်ဆင့်များ စသည်တို့ကို တင်ပြဆွေးနွေးခဲ့ပြီး သင်တန်းသားများမှသိလိုသည်များမေးမြန်းကြရာပို့ချသူများက ပြန်လည်ဖြေကြားပေးခဲ့သည်။ Elizabeth ဟေမာလွင်(MCHAN)



# အလုပ်ရုံဆွေးနွေးပွဲ

ဖယ်ခုံသာသနာ

ဖယ်ခုံဂိုဏ်းအုပ်ကက်သလစ်သာသနာ ကက်သလစ်ဆရာတော် ကျောင်းတိုက်တွင် သာသနာ၏ ငါးနှစ်စီမံကိန်းရေးဆွဲခြင်း အလုပ်ရုံဆွေးနွေးပွဲကို (၉-၁၃/၈/၂၀၁၆) ရက်နေ့အထိ ပြုလုပ်ကျင်းပခဲ့ပါသည်။ ၉/၈/၂၀၁၆ ရက်နေ့ညနေ (၈း၀၀) နာရီအချိန်တွင် သန့်ရှင်းသော ဝိညာဉ်တော် ဘုရားကို ဖိတ်ခေါ်သီချင်း သီဆိုဆိုရင်း အဖွင့်အခမ်းအနားကို စတင်ဖွင့်လှစ်ခဲ့ပါသည်။

အဖွင့်အခမ်းအနားတွင် ဖယ်ခုံဂိုဏ်းအုပ် ဆရာတော်ကြီး ပီတာ လတ် မှ သာသနာတော်မှာ စီမံကိန်း အရေးကြီးသည့်အကြောင်း၊ စီမံကိန်းသည် သာသနာ၏လမ်းပြမြေပုံဖြစ်ကြောင်း၊ စီမံကိန်းအတိုင်း အလုပ်လုပ်ရန် လိုအပ်ကြောင်း အားပေးအမှာစကား မြွက်ကြားခဲ့ပါသည်။ ဤအလုပ်ရုံ ဆွေးနွေးပွဲကို အိန္ဒိယနိုင်ငံ Jesuit အသင်းဂိုဏ်း ဘုန်းတော်ကြီး Fr.Amal မှဦးဆောင်ပြီး သာသနာတော်၏ အခြေအနေ၊သာသနာတော်၏ အားသာချက်များ၊ အားနည်းချက်များ၊ သာသနာတော်အတွက် အခွင့်အရေးများ၊ ကိုထောင့်စုံသုံးသပ်၊ ဆွေးနွေး၊ အဖြေရှာဖွေခြင်းများ ပြုလုပ်ခဲ့ကြပါသည်။ ထို့နောက် သာသနာအတွင်းရှိ Commission များ၊ အသင်းအဖွဲ့များမှ သာသနာတော်၏ ငါးနှစ်စီမံကိန်းနှင့် လုပ်ဆောင်ချက်များကို ချမှတ်ရေးဆွဲနိုင်ခဲ့ပါသည်။ ထိုအလုပ်ရုံဆွေးနွေးပွဲကို ဖယ်ခုံသာသနာအတွင်းရှိ ဆရာတော်၊ ရဟန်း၊ သီလရှင်၊ဘာသာရေးလူကြီးများမှ (၈၅) ဦးပါဝင်ဆွေးနွေး၊ ရေးဆွဲခဲ့ပါသည်။ မအားမလပ်သည့်ကြားမှ လာရောက်ဦးဆောင်ပေးခဲ့သော Fr.Amal ကိုကျေးဇူးတင် ဂုဏ်ပြုရင်း ဖယ်ခုံသာသနာတော်၏ ရှေ့ဆက်ခရီးအတွက် ဝိုင်းဝန်းဆုတောင်းပေးကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။ **(Pekhon OSC)**

# သံတာအာနားမိခင်အသင်း

ဖယ်ခုံဂိုဏ်းအုပ် ကက်သလစ်သာသနာ ဘုရားဖူးဗဟိုဖြစ်သည့် ဖယ်ခုံမြို့၊ ဂျေရောဗလိုရပ်ကွက်၊ ဆုတောင်းပြည့် လုဒ်မယ်တော်ဂူတွင် မယ်တော်ကောင်းကင်ဘုံသို့ ပင့်ဆောင်ခံရခြင်း ပွဲနေ့အထိမ်း အမှတ်အဖြစ် ၁၄/၈/၂၀၁၆ ရက်နေ့တွင် ဖယ်ခုံမြို့ပေါ်ရှိ သံတာအာနားမိခင်အသင်းသူများ လာရောက်ဝတ်ပြုဆုတောင်းခဲ့ပါသည်။ ထိုဝတ်ပြုခြင်းတွင် အမိမယ်တော်ကောင်းကင်ဘုံသို့ ပင့်ဆောင်ခံရခြင်းနှင့် အမိမယ်တော် နာခံခြင်းပါရမီအကြောင်းကို ထောက်ရှုကြလျက် မိမိတို့မိခင်များသည်လည်း ဘုရားရှင်၏ နှုတ်ကပါတ်တရားတော်ကို နာခံကျင့်ဆောက်တည်ခြင်းနှင့် သားသမီးများအတွက် စံပြမိခင်ကောင်းအဖြစ် အသက်ရှင်နေထိုင်ခြင်းအားဖြင့် ခန္ဓာတော်ပျက်စီး ခြင်းတစ်နေ့တွင် မိမိ၏ဝိညာဉ်သည် ငရဲမှလွတ်မြောက်ကာ ကောင်းကင်ဘုံသို့ ပင့်ဆောင်ခြင်း ခံရရန်အတွက် အချင်းအချင်းအတွက် ဆုတောင်းပေးခြင်း၊ မြန်မာပြည်အတွင်းရှိ ရေဘေးဒုက္ခခံနေရသောသူများအတွက် စိပ်ပုတီးစိပ်ခြင်းနှင့် ကိုယ်တော်မြတ်ဖူးမျှော်ခြင်းများကို စိတ်အားထက်သန်စွာ ပူဇော်၊ ဝတ်ပြု၊ ဆုတောင်းပေးခဲ့ကြပါသည်။ ထိုဝတ်ပြုဆုတောင်းခြင်းတွင် ဖယ်ခုံမြို့ပေါ်ရှိ သံတာအားနာ အသင်းသူ (၁၂၅) ဦးလာရောက်ဝတ်ပြုဆုတောင်းခဲ့ပါသည်။ **(မတင်ဝင်း)**



# နိုင်ငံတော်တည်ဆောက်ရေးအတွက်ဘာသာပေါင်းစုံတွေ့ဆုံနှီးနှောဖလှယ်ပွဲ

နိုင်ငံတော် တည်ဆောက်ရေးအတွက် ဘာသာပေါင်းစုံ တွေ့ဆုံနှီးနှောဖလှယ်ပွဲကိုပုသိမ်ကက်သလစ်သာသနာမှဦးဆောင်ကာ ဩဂုတ်လ(၂၀)ရက် ၂၀၁၆ နေ့နံနက် (၄)နာရီတွင် ပုသိမ်ဟိုတယ်တွင်ပြုလုပ်ခဲ့ပါသည်။ ၎င်းတွေ့ဆုံပွဲသို့ ဧရာဝတီတိုင်းဝန်ကြီးချုပ် မန်းဂျော်နီနှင့်အတူ ခရစ်ယာန်ဘာသာ၊ ဗုဒ္ဓဘာသာ၊ ဟိန္ဒူဘာသာ၊ မွတ်ဆလင်ဘာသာစသည့် ဘာသာကြီး လေးခုမှ ဘာသာရေးခေါင်းဆောင်များ တက်ရောက်ကြပါသည်။အစည်းအဝေးသို့ လူဦးရေ(၂၅၀)ဦးတက်ရောက်ခဲ့ပါသည်။ ပထမဦးဆုံးအနေဖြင့် ပုသိမ်ဂိုဏ်းအုပ်ဆရာတော် ဂျွန်းမန်းဆိန်းဟိုမှ အဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။ အဖဆရာတော်ကြီးက ဘာသာရေးခေါင်းဆောင်များကို ဘာသာအချင်းချင်း ရင်းနှီးချစ်ခင်မှုရရှိရန် တိုင်းပြည်ငြိမ်းချမ်းမှုရရှိရန်နှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်မှုရှိရန်၊ တိုက်တွန်းခဲ့ပါသည်။ အဖဆရာတော်ကြီးက ငြိမ်းချမ်းရေးအတွက် လုပ်ဆောင်ခြင်းသည် လိုချင်ရုံနှင့် ချစ်မြတ်နိုးရုံနှင့် မလုံလောက်ကြောင်းကိုလည်း ပြောကြားခဲ့ပါသည်။ ဆရာတော်ကြီး၏ အဖွင့်အမှာစကားပြောကြား အပြီးတွင် "တွဲလက်ညီညီ ငြိမ်းချမ်းသော ကမ္ဘာဆီ ဓမ္မသီချင်းဖြင့် ခရစ်ယာန်လူငယ်များကဖျော်ဖြေပေးခဲ့ပါသည်။ ဆက်လက်ပြီး ဆရာတော်အရှင်နန္ဒသီရိ ကလည်းနိုင်ငံတော်တည်ဆောက်ရာတွင် သူတော်ကောင်းတရားနှင့် တည်ဆောက်ရန်နှင့် ပရဟိတပြုလုပ်ခြင်းဖြင့်လူမျိုး၊ဘာသာမခွဲခြားပဲဘက်လိုက်ခြင်းမရှိပဲ မျှတစွာဆောင်ရွက်ရမည် ဟုလည်း ဟောကြားခဲ့ပါသည်။ ထို့အပြင် သူတော်ကောင်းတရားတိုးတက်ချင်လျှင် မူးယစ်ဆေးဝါးကို အဓိကထားပြီး ရှောင်ကြဉ်ရမည်။ နိုင်ငံတော်တည်ဆောက်ရာတွင် လိုအပ်သော အချက်လေးချက်ကိုလည်း ဆရာတော်က ပြောကြားထားပါသည်။ ထိုအချက်လေးချက်မှာ(၁) မိမိကိုယ်ကို သစ္စာရှိရမည်။(၂) အဖွဲ့အစည်းကိုလည်း သစ္စာရှိရမည်။ (၃)မိမိတို့နေထိုင်ရာ အသိုက်အအုံကိုလည်း သစ္စာရှိရမည်။ (၄)မိမိတို့ကိုအုပ်ချုပ်နေသည့် အစိုးရကိုလည်း သစ္စာရှိရမည် စသည်တို့ကိုဟောကြားခဲ့ပါသည်။ ဆရာတော်အရှင်နန္ဒသီရိ၏ ဟောကြားချက်အပြီးတွင် ဓမ္မစကြာအဖွဲ့မှ ဓမ္မပူဇာတေးဖြင့် ဖျော်ဖြေပေးခဲ့ပါသည်။ ဆက်လက်ပြီး ဧရာဝတီတိုင်း ဝန်ကြီးချုပ် မန်းဂျော်နီက မြန်မာနိုင်ငံသည် ခေါင်းဆောင်အတွက်မဟုတ်၊ ခေါင်းဆောင်သည်




မြန်မာနိုင်ငံအတွက်ဖြစ်ရမည်ဟု ပြောကြားခဲ့ပါသည်။ ဟိန္ဒူဘာသာ၏ ဘာသာရေးခေါင်းဆောင် ဆရာဦးစန်းမင်းနိုင်က ယခုပြုလုပ်သော နိုင်ငံတော်တည်ဆောက်ရေးအတွက် ဘာသာပေါင်းစုံ တွေ့ဆုံနှီးနှောဖလှယ်ပွဲသည် မင်္ဂလာအဖြာဖြာပြည့်စုံသည့် ပွဲဟု ပြောခဲ့ပါသည်။ ခေါင်းဆောင်ကောင်းဖြစ်ဖို့ နောက်လိုက်ကောင်းဖြစ်ရမယ်။ နောက်လိုက်ကောင်းမှ ခေါင်းဆောင်ကောင်းဖြစ်မည်ဟု ပြောခဲ့သည်။ ရည်မှန်းချက်မရှိပဲ သွားနေလျှင် ပလိုင်းပေါက်နှင့်ဖားကောက်သလို ဖြစ်သွားမည်ဟုလည်း ပြောကြားခဲ့ပါသည်။ ထို့နောက် ဟိန္ဒူဘာသာမှလူငယ်များ၏ တီးခတ်မှုဖြင့်ဖျော်ဖြေပေးခဲ့ပါသည်။ အစ္စလာမ်ဘာသာမှ ဘာသာရေးခေါင်းဆောင် တစ်ဦးကလည်း တရားမျှတမှုမရှိလျှင်မည်သည့်နိုင်ငံမှတည်ဆောက်၍မရပါ။ ကျွန်ုပ်တို့အားလုံးသည် မြန်မာနိုင်ငံ၏ အစိတ်အပိုင်းဖြစ်သည်ဟု ပြောကြားခဲ့ပါသည်။ ဆက်လက်ပြီး ကက်သလစ်သာသနာမှ ဖာသာရ်ဂျိုးဇက်မောင်ဝင်းက ဘာသာရေးကို ဘယ်တော့မှခုတုံးမလုပ်ပါနှင့် ဘာသာရေးဆိုတာ ငြင်းခုန်ဖို့တည်ဆောက်ထားတာမဟုတ်ဘူး၊ ဘာသာရေးကိုခုတုံးလုပ်ပြီးနိုင်ငံရေးကိုဖျက်စီးဖို့မဟုတ်ဟု ပြောကြားခဲ့ပါသည်။ ၎င်းတွေ့ဆုံပွဲကို နေ့ခင်း (၁)နာရီတွင် ဘာသာရေး ခေါင်းဆောင်လေးဦးကို အစည်းအဝေးတက်ရောက်လာသူများက ဘာသာရေးနှင့်သက်ဆိုင်သော မေးခွန်းများ မေးမြန်းကြရာ ပြန်လည်ဖြေကြားပေးခဲ့ ပြီး အမှတ်တရ ဓါတ်ပုံရိုက်ပြီး အစည်းအဝေးကို (၂)နာရီအချိန်တွင် ရုတ်သိမ်းခဲ့ပါသည်။





# ဂိုဏ်းပေါင်းစုံသူတော်စင်များ၏သနားကြင်နာခြင်းနှစ်ဆုတောင်းပွဲ




မန္တလေးမြို့၊ ၈၂လမ်း၊ ၂၅×၂၆ကြား ရှိ ရွှေနှလုံးတော်ကာသီဒြယ် ဘုရားကျောင်းတွင် (၁၀၊၈၊၂၀၁၆) (နံနက်၉း၁၂) နာရီထိ မန္တလေးသာသနာမှ ဂိုဏ်းချုပ်ဆရာတော်ကြီး နီကောလားစ် မန်ထန်း၏ ညွှန်ကြားချက်ဖြင့် ဂိုဏ်းပေါင်းစုံသူတော်စင်များ၏ သနားကြင်နာခြင်းနှစ်ဆုတောင်းပွဲအခမ်းအနားတစ်ခုကို ကျင်းပပြုလုပ်ခဲ့ပါသည်။ အခမ်းအနားတွင် မန္တလေးသာသနာအတွင်းမှ သူတော်စင်ပေါင်းအပါး(၁၀၀) ကျော်ပါဝင်တက်ရောက်ခဲ့ကြပါသည်။

မန္တလေး ကက်သလစ်ဂိုဏ်းချုပ်သာသနာမှ ဆရာတော်ကြီးနီကောလားစ် မန်ထန်းမှဩဝါဒမြွက်ကြားရာတွင် “ ဘုရားဖန်ဆင်း ထားတဲ့အရာတွေ အားလုံးဟာ သူရဲ့ဂုဏ်သတ္တိနှင့်သူရှိတယ်။ ဘုရားရဲ့ ပုံသဏ္ဍာန်နှင့် ဖန်ဆင်းတဲ့အခါကျတော့ ဘုရားရဲ့ဂုဏ်သတ္တိနှင့် ဖြန့်ဝေတာကို တွေ့ရတယ်။အမေးရှိသလိုအဖြေရှိတယ်။ လုပ်ရမယ့်အခြေအနေနှင့်ကိုက်ညီမှုအမြဲရှိရမယ်။ ဘုရားရဲ့ခေါ်တော်မူခြင်းဟာ ပေးထားတဲ့ သတ္တိနှင့်ကိုက်ညီမှုရှိတယ်ဆိုတာကို တွေ့ရတယ်။သီလရှင်ဘဝ၊ဘုန်းကြီးဘဝတွေဟာ ဘုရားရဲ့ရည်ရွယ်ချက်နှင့် ခေါ်တော်မူခြင်း ပေးတယ်။ဘုရားပေးတာဖြစ်တဲ့အခါပုံစံတူ၊ ထပ်တူထပ်မျှမဖြစ်တဲ့အခါမှာပြည့်စုံခြင်းကို မရောက်နိုင်ဘူး။ကိုယ့်ရဲ့ရည်ရွယ်ချက်ဟာ ဘယ်အရာနှင့် ပတ်သက်တာပဲလုပ်လုပ် ဘုရားနဲ့ပုံတူဖြစ်ရမယ်။ ခရစ်တော်နှင့်အတူ ဘဝတစ်ခုလုံးရှိမှ ပြည့်စုံခြင်းကိုရမယ်။ အသစ်တစ်ဖန်ပြုပြင်တဲ့အခါမှာ ခရစ်တော်ရဲ့ပုံစံနဲ့မှရမယ်။ ဘုရားလို စိတ်ဓာတ်ရှိဖို့ မွေးမြူရမယ်။ ဒါကိုရှာဖွေတဲ့အခါမှာ ပုံစံအမျိုးမျိုးနှင့် ရှာဖွေရမယ်။ ခရစ်တော်ရဲ့ လုပ်ငန်းထဲမှာပြောခဲ့တာတွေနှင့် စံနမူနာထဲမှာပဲ အဖြေဟာရှိတယ်။ ခရစ်တော်သာလျှင်အဖြေဖြစ်တယ်။ အဲဒီထဲမှာပဲရှာဖွေရမယ်။ ခရစ်တော်နှင့် ထပ်တူထပ်မျှပုံစံယူနိုင်မှလိုက်ကျင့်နိုင်မှ အဲဒါကိုရယူပိုင်ဆိုင်နိုင်မှ၊ ခရစ်တော်နှင့် ခွဲခြားလို့မရနိုင်မှ Religiousဘဝတစ်ခု တည်ဆောက်လို့ရမယ်။ လူတွေရဲ့ လိုအပ်ချက်တွေကိုလည်း ကြည့်ပေးရမယ်။ဘယ်လိုပေးဆပ်ရမလဲလို့ ကြည့်ရမယ်။ ဒါမှသာခရစ်တော် ဖြစ်လာမယ်။ အများပေါ်လုပ်နိုင်တဲ့အပေါ် မူတည်ပြီးခေါ်တော်မူခြင်းဖြစ်တယ်။ဂိုဏ်းရဲ့အလို၊ သာသနာရဲ့အလိုတွေထက် ခရစ်တော်ရဲ့ အလိုကသာ အဓိကဖြစ်တယ် ” ဟု ခရစ်တော်နည်းတူ ဘဝမှာပေးဆပ်ကာ ပုံတူယူနိုင်ကြရန် ဆရာတော်မှ ဩဝါဒတရားရေအေးကို တိုက်ကျွေးခဲ့ပါသည်။

ဆက်လက်ပြီး Fr.Peter Myo Khinမှလည်း ကျေးဇူးတင်စကားပြောကြားရာတွင် “ပထမဦးဆုံး ဘုရားသခင်ကို ကျေးဇူးတင်ပါတယ်။ အရာအားလုံးဟာ ဘုရားရဲ့ ကျေးဇူးတော်ကြောင့် ဖြစ်လာတယ်။ ဒုတိယအနေနဲ့ မန္တလေး ကက်သလစ်ဂိုဏ်းချုပ် ဆရာတော်ဘုရားကြီးကို ကျေးဇူးတင်ပါတယ်။ဒီနေ့လုပ်တဲ့အစီအစဉ်တွေအားလုံးဟာ ဆရာတော်ဘုရားရဲ့ အစီအစဉ်တွေပဲဖြစ်ပါတယ်။ ဆရာတော်ဘုရားဟာသူတော်စင်တွေကို လေးစားတယ်၊ အားကိုးတယ်၊ တန်ဖိုးထားတယ်။ သူတော်စင်တွေကို မန္တလေးသာသနာမှာ အဘက်ဘက်ကနေ ပါဝင်ဖို့ အမြဲဖိတ်ခေါ်တယ်။ တတိယအနေနှင့် ရပ်နီးရပ်ဝေးကနေ ကြွရောက်လာတဲ့ ဘုန်းတော်ကြီးများ၊ သီလရှင်များ၊ ကိုယ်ရင်များ၊ သီလရှင်လောင်းများ၊ အားလုံးပါဝင်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ကျွန်တော်တို့ ခုလိုမျိုးစုရုံးခြင်းက ခွန်အားတစ်ခု၊ အင်အားတစ်ခုဖြစ်ပါတယ်။ ဆက်လက်ပြီးတော့လည်း သူတော်စင်များအားလုံး တစ်ဂိုဏ်းနှင့်တစ်ဂိုဏ်း အားပေးရင်းနှင့်ဘုရားသခင်ရဲ့ အလိုတော်တိုင်းအမှုတော်ကို ထမ်းဆောင်ကြဖို့ အားပေး တိုက်တွန်းချင်ပါတယ်။ ဘုရားရှင်ရဲ့ သနားကြင်နာခြင်းနှစ်မှာ သူတော်စင်များအားလုံးအပေါ်၌သော်၎င်း၊ လူသားတစ်ဦးစီအပေါ်၌သော်၎င်း၊ ဘုရားသခင်ရဲ့ချစ်ခြင်းမေတ္တာတွေ ကျရောက်ပါစေလို့ ဆုမွန်ကောင်းတောင်းပေးပါတယ်”ဟု မြွက်ကြားခဲ့ပါသည်။

Year of Mercy (2016) ဆုတောင်းခြင်းကို မန္တလေးကက်သလစ်ဂိုဏ်းချုပ်သာသနာမှ ဆရာတော်ကြီးနီကောလားစ်မန်ထန်း၏ လမ်းညွှန်မှုအရ မန္တလေးသာသနာလုံးဆိုင်ရာ သူတော်စင်များအသင်း CRMDYမှ ဦးဆောင်ကာ ကျင်းပခဲ့ခြင်းဖြစ်သည်ဟုသိရှိရပါသည်။

Pinky ( MDY- OSC)

# စိန့်ဂျွန်ပေါလ်(၂)၏အချစ်ဆုံးမိတ်ဆွေ “ပေါင်ပေါင်”

ပုသိမ်သာသနာ



လွန်ခဲ့သော နှစ်အနည်းငယ်က အိန္ဒိယနိုင်ငံမှ မွေးရာပါ လက်မရှိသော်လည်း ခြေထောက်ဖြင့် ပန်းချီဆွဲနိုင်သည့် ကလေးငယ်တစ်ဦး၏ရုပ်သွင်နှင့်သတင်းက ကမ္ဘာတစ်ခုလုံးကို အံ့ဩစေခဲ့သည်။ ထိုကလေးငယ်ကဲ့သို့သော ကလေးငယ်တစ်ဦးမှာပုသိမ်တွင် ပညာသင်ကြားနေပါသည်။ သူ့ကိုချစ်စနိုးဖြစ် “ပင်ပေါင်” ဟုခေါ်ရာ“ပေါင်ပေါင်”ဟု သူငယ်ချင်းများ၏ နှုတ်တွင်ကျန်ရစ်နေသည်။

ဇွန်လ၊ ၂၀၁၆ ကျောင်းစဖွင့်ချိန်တွင်စိန့်ဂျွန်ပေါလ်(၂)သာသနာပြု သီလရှင်များ၏ ကိုယ်ပိုင် မူလတန်းကျောင်းသို့ “ပေါင်ပေါင်” ရောက်လာသည်။ အသက်(၇)နှစ်ရှိပြီး ပထမတန်းတွင် ပညာသင်ကြားနေပါသည်။ ပေါင်ပေါင်သည် အခြားကလေးများကဲ့သို့ အသိဉာဏ်၊ စကားပြောနိုင်စွမ်းအပြည့်အဝရှိသော်လည်း ခြေလက အရင်းတွင် လက်ချောင်းလေး နှစ်ချောင်းသာရှိသည်။ ခြေမနှင့်ခြေညှိုးကြားတွင် ဘောပင်၊ ခဲတံကိုညှပ်၍စာရေးရပါသည်။

“ပေါင်ပေါင်”သည် မိမိ၏ကိုးလလွယ်ဆယ်လဖွားမိခင်ကို မမြင်ဖူးပေ။ မွေးစားမိခင်သည် လွန်ခဲ့သော(၇)နှစ်က ကော့ကရိတ်တွင်အလုပ်သွားလုပ်ရာမှအပြန်လမ်းတွင် ရွှေထည်အချို့၊ ငွေသားများနှင့်အတူ အင်္ကျီမစုံသည့်ကလေးငယ်တစ်ဦးအား ပုံးတစ်ခုထဲတွင်တွေ့ရှိခဲ့ ရာသနားစိတ်ဝင်ပြီး ပုသိမ်သို့ခေါ်ဆောင်လာကာပြုစုကျွေးမွေးခဲ့သည် ၂၀၁၃-၂၀၁၄ ပညာသင်နှစ်မှစ၍ စိန့်ဂျွန်ပေါလ်(၂)သာသနာပြုသီလရှင်များသည် ပုသိမ်၊ ရန်ကင်းတောင်ရပ်ကွက်ရှိ ဆင်းရဲနွမ်းပါးသောကြောင့် ကျူရှင်မတက်နိုင်သောကလေးငယ်များ အားအခမဲ့ကျူရှင်သင်ပေးခဲ့သည်။ နှစ်စဉ်မူလတန်းကလေးအယောက်(၃၀) ကျော်ရှိပြီး၊ ပညာဒါနအပြင် ကျောင်းသုံးစာအုပ်များ၊ ဘောပင်များ၊ ခဲတံများ၊ လွယ်အိတ်များ၊ ထီး၊ မိုးကာ၊ဖိနပ်များ၊ ထမင်းချိုင့်များကိုထောက်ပံ့ကူညီပေးခြင်းဖြင့် ဘုရားသခင်၏သနားကရုဏာတော်ကိုဝေမျှပေး ကြပါသည်။

“ပေါင်ပေါင်”၏ ဆရာမလေးများသည် စိန့်ဂျွန်ပေါလ်(၂)၏ သီလရှင်လောင်းများဖြစ်ကြသည်။ သူတို့သည် ကလေးများ ကျောင်းဆင်းသည့်အခါ စာသင်ပေးခြင်းဖြင့် အသင်းဂိုဏ်း၏ တမန်တော်လုပ်ငန်း တစ်ခုဖြစ်သော “ပညာသင်ကြားပေးခြင်း” ကိုတစ်တပ်တစ်အား ပါဝင်လုပ်ဆောင်ပေးနေကြပါသည်။ ယခုနှစ်သည် “ပေါင်ပေါင်”ရှိနေသည့် အတွက် အလွန်ထူးခြားသောစာသင်နှစ်တစ်နှစ်ဖြစ်သည်။

**စိန့်ဂျွန်ပေါလ်(၂)၏သာသနာပြုသီလရှင်များ (ပုသိမ်)**

# ကောင်းကင်ဘုံသို့ပင့်ဆောင်ခြင်းခံရသော မယ်တော်သခင်မဘုရားကျောင်းပွဲတော်ကျင်းပခြင်း

**မန္တလေးသာသနာ**

မန္တလေးသာသနာအတွင်းရှိ မုံရွာဇုံအတွင်းရှိ ချောင်းဦးမြို့မှ ကောင်းကင်ဘုံသို့ ပင့်ဆောင်ခြင်းခံရသော သခင်မဘုရားကျောင်းပွဲတော်ကို ဩဂုတ်လ(၁၅-၁၆) ရက်နေ့ကကျင်းပပြုလုပ်ခဲ့ပါသည်။ ပွဲတော်နေ့မစ္ဆားတရားတော်တွင် မန္တလေးသာသနာမှ ဂိုဏ်းချုပ်ဆရာတော်ကြီး နီကောလားစ်မန်ထန်း၊ ဘုန်းတော်ကြီး (၂၅)ပါး၊ ဦးပဥ္စင်းကြီးများ ၊သီလရှင်များနှင့် ရပ်နီးရပ်ဝေးမှ ဘာသာတူများ ပါဝင်တက်ရောက်ခဲ့ကြပါသည်။

(၁၅၊၈၊၂၀၁၆) ပွဲတော်နေ့အဝင်ညနေ မစ္ဆားအပြီးတွင် မယ်တော်ဆင်းတုတော်ဖြင့် ရပ်ကွက်အတွင်းသို့ စီတန်းလှည့်လည်ကာစိပ်ပုတီးစိပ်ခြင်း၊စီတန်းခြင်းအပြီး၌ ဘုရားကျောင်းအတွင်း ဘုန်းတော်ကြီး ဂျွန်မောင်ဆန်းမှ ကိုယ်တော်မြတ်စက္ကရမင်တူးအကြောင်းသိကောင်းစရာများကို ဝေမျှရာတွင် ” ကိုယ်တော်မြတ်ဖူးတဲ့အချိန်ဟာ မင်္ဂလာအရှိတဲ့ အချိန်အခါဖြစ်တယ်။ ကိုယ်တော်မြတ် ကောင်းချီးကိုကြည့်လိုက်တဲ့အချိန်မှာ ဘယ်လိုမြင်ရလဲ ” မိုးမရွာလို့ ခြောက်သွေ့နေတဲ့မြက်ခင်းလေးတွေ မိုးတွေဖွားဖွားလေးကျ လာပြီဆိုလျှင် မြက်ပင်လေးတွေဟာ စိမ်းလန်းစိုပြေလာတာကိုတွေ့ရသလိုပဲ ကျွန်ုပ်တို့လည်း ကိုယ်တော်မြတ်ကောင်းချီး မင်္ဂလာကိုခံစားရတဲ့အချိန်မှာ ကိုယ်တော်မြတ်ကိုဖူးမျှော်တဲ့အခါမှာ ကျွန်ုပ်တို့အားလုံးပေါ်မှာ ဘုရားသခင်ကျေးဇူးအဖြာဖြာသွန်းလောင်းပြီးတော့ စိတ်နှလုံးချမ်းသာမှု ရရှိမှာဖြစ်ပါတယ်။ စိတ်နှလုံးချမ်းသာမှုဆိုတာလဲ ခံယူတတ်မှ မခံယူတတ်ဘူး၊ ဘာမှမသိဘူး၊ နားမလည်ဘူးဆိုရင်တော့ ဘယ်လိုမှစိတ်ချမ်းသာမှာ မဟုတ်ဘူး၊ ခရစ်တော်ရဲ့ ကျေးဇူးတော်တွေဟာ ကိုယ်တော်မြတ်ကိုမြှောက်တဲ့အခါမှာ ကျွန်ုပ်တို့အားလုံးအပေါ်ကို ကျဆင်းလာတဲ့အလျှောက် အင်မတန်မှမင်္ဂလာရှိပြီးတော့ စိတ်ချမ်းသာတဲ့ အပိုင်းမှာရရှိတာ ကိုတွေ့ရပါတယ်။ ကိုယ်တော်မြတ်စက္ကရမင်တူးဟာ ကျွန်ုပ်တို့ရဲ့ ဝိညာဉ်အစာအာဟာရကို ဖန်ဆင်းထားတယ်ဆိုတာကို နားလည်သဘောပေါက်ဖို့ လိုတယ်။ သခင်ယေရှုနောက်ဆုံးညစာစားပွဲမှာကျွန်ုပ်တို့ဝိညာဉ်အတွက် ဖန်ဆင်းခဲ့တာကို နားလည် သဘောပေါက်ပြီးတော့ ကျွန်ုပ်တို့ ကိုယ်ကာယအတွက် အစားအစာမစားမသောက်ပဲနေလျှင် ကျွန်ုပ်တို့ဟာ ချိနဲ့ပြီးတော့ ခွန်အားတွေ ယုတ်သွားတာကိုတွေ့ရပါတယ်။ ကြာရှည်စွာ မစားမသောက်ပဲနေမယ်ဆိုလျှင်တော့ လုံးပါးပါးသွား နိုင်တယ်။ အဲဒါကြောင့် လူတိုင်းကိုယ်ကာယအတွက်အစားအစာ စားသောက်နေကြတာကိုတွေ့ရတယ်။ အဲဒီလိုပဲကျွန်ုပ်တို့ ဝိညာဉ်အတွက် အစာအဟာရဖြစ်တဲ့ ကိုယ်တော်မြတ်စက္ကရမင်တူးကို ကျွန်ုပ်တို့ဟာ သုံးဆောင်ကြမှသာလျှင် ကျွန်ုပ်တို့ရဲ့ဝိညာဉ်ဟာ ရှင်သန်ထွားကျိုင်းပြီးတော့ ဘုရားသခင်နှင့် ပေါင်းစပ်နိုင်တာကို တွေ့ရမှာဖြစ်ပါတယ်။ ကိုယ်တော်မြတ် စက္ကရမင်တူးဟာသခင်ယေရှုရဲ့ အသွေးတော်နဲ့အသားတော်ဖြစ်တဲ့အလျောက်ပဲ ရိုသေလေးစားမှုတော့ရှိရမယ်။ ကိုယ်တော်မြတ် စက္ကရမင်တူးကိုပင့်ယူတဲ့အခါမှာ တလေးတစားနဲ့ ပြန်လည် ထွက်ခွာဖို့လိုတယ်။ ကိုယ်တော်မြတ်ကိုအပြစ်ကြီးရှိနေလျှင် ပင့်ယူလို့မရဘူးဆိုတာကို နားလည် သဘောပေါက်ဖို့လိုတယ်။ အာပတ်ဖြေခြင်း စက္ကရမင်တူးကို ခံယူပြီးမှသာလျှင် ကိုယ်တော် မြတ်ပင့်ယူခြင်းကို လုပ်ဆောင်ရမှာဖြစ်တယ်။ ကိုယ်တော်မြတ်စက္ကရမင်တူးကို လေးလေးစားစားနှင့် အခွင့်အရေးရတဲ့အခါတိုင်း အထူးသဖြင့် မစ္ဆားပူဇော်တဲ့အခါမှာ ပါဝင်တိုင်း ကိုယ်တော်မြတ် စက္ကရမင်တူးကို ပင့်ယူကြဖို့ ကြိုးစားကျင့်ဆောက်တည်ကြပါ”ဟု ဩဝါဒမြွက်ကြားခဲ့ပါသည်။

(၁၆၊၈၊၂၀၁၆) ရက်နေ့ပွဲတော်နေ့ မစ္ဆားတရားတွင်မန္တလေး ကက်သလစ်ဂိုဏ်းချုပ်သာသနာမှ ဆရာတော်ကြီး နီကောလားစ်မန်ထန်းမှ ဩဝါဒ တရားရေအေးတိုက်ကျွေးရာတွင်“ချစ်လှစွာသော ဘာသာတူသားအပေါင်းတို့ မစ္ဆားတရားပူဇော်ခြင်းကတော့ ဘုရားသခင်ကို ကျေးဇူးတင်သလိုပဲ ကျောင်းထိုင် ဘုန်းတော်ကြီးနှင့်ဘာသာတူတွေကိုလည်း ကျေးဇူးတင်ပါတယ်။ ကျွန်ုပ်ရဲ့ခံယူချက်ကတော့ ဘာသာတူများနှင့်အတူတကွ ဘုရားရှိခိုး၊ ဘုရားသခင်ကို ချီးမွမ်းဖို့၊ကျေးဇူးတင်ဖို့က ကျွန်ုပ်ရဲ့ခံယူချက်ပဲ ဖြစ်ပါတယ်။ ဒီကျောင်းတော်ရဲ့ပွဲ ၊ ဒီစီရင်စုမှာရှိတဲ့ ဘာသာတူတွေရဲ့ပွဲနေ့ လည်းဖြစ်ပါတယ်။ ဒီပွဲအတွက်လည်း ပဲရပ်နီးရပ်ဝေးကနေလာကြတဲ့ ဘာသာတူတွေဟာကိုယ်စီရဲ့လုပ်ငန်းတွေကို ခဏနားထားပြီး ကိုယ့်မိသားစုတွေနှင့် အတူတကွ ဘုရားသခင် ကိုချီးမွမ်းကြတာဟာ အင်မတန်မှ ဂုဏ်ယူစရာကောင်းပါတယ်။ အဲဒီလိုဘုရားဝတ်ပြုတဲ့အချိန်မှာ မယ်တော်ရဲ့ပွဲတော်ဖြစ်လို့ မယ်တော့်အနေနှင့် လည်းပဲသင်တို့အားလုံးကို ထူးခြားတဲ့သတင်း၊ ထူးခြားတဲ့ကျေးဇူးတွေကိုပေးဖို့ သူ့မှာရာထားချက်တွေရှိပါတယ်။ အဲ့ဒီထဲမှာ နှိုက်နှိုက်ချွတ်ချွတ် ရွေးချယ်ပြီးမှ ပြောရမယ်ဆိုလျှင်တော့မယ်တော်ဟာ “ကျွန်မကောင်းကင်ဘုံကိုပင့်ဆောင်ခြင်းခံရသလိုပဲ ကျွန်မရဲ့သားသမီးတွေအားလုံးကို ကျွန်မရဲ့ ဘွဲ့နာမအတိုင်း ကောင်းကင်ဘုံကို ရောက်စေချင်ပါတယ် ဆိုတာပဲဖြစ်တယ်။ သူ့ရဲ့မေတ္တာ၊ စေတနာကတော့ သူရဲ့ပွဲတော်ကို ကျင်းပတိုင်းကျင်းပတိုင်း သူ့ရဲ့ဘွဲ့နာမနှင့် နာမည်မှည့်ခေါ်ထားတဲ့ ကျောင်းရဲ့ကျေးဇူးတော်တွေကတော့ ကျောင်းပွဲကျင်းပတိုင်းကျင်းပတိုင်း ခံစားရတဲ့ ထူးခြားတဲ့ ကျေးဇူးတော်တွေပဲဖြစ်တယ်” ဟု မြွက်ကြားခဲ့ပါသည်။

ချောင်းဦးမြို့ မယ်တော်သခင်မကောင်းကင်ဘုံသို့ ပင့်ဆောင်ခြင်းခံရသောပွဲတော်ကို(၇-၁၅၊၈၊၂၀၁၆) ရက်နေ့ထိ ကိုးရက်တိုင်တိုင် နိုဗီနားပြုလုပ်ခဲ့ပါသည်။ ပွဲတော်အဝင်နေ့ညနှင့် ပွဲတော်ညတွင်စတိတ်ရှိုးများ၊ အကများဖြင့် ဖျော်ဖြေရေးများလည်း ပါဝင်ခဲ့ပါသည်။ ကျောင်းထိုင်ဘုန်းတော်ကြီး Hubert ဝင်းညိုမှလည်း ကြွရောက်လာသော ဆရာတော်ဘုရား၊ ဘုန်းတော်ကြီးများ၊ သီလရှင်များ ၊ရပ်နီးရပ်ဝေးမှဘာသာတူများ၊ ပွဲတော်ဖြစ်မြောက်လာရန် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသူများ အလှူရှင်များ အားလုံးကိုလည်း ကျေးဇူးတင်ကြောင်း ပြောကြားခဲ့ပါသည်။

**ပင်ကီ(MDY-OSC)**

## (မြစ်မခသတင်းများ)

## ဩဂုတ်လမှစ၍ တစ်နိုင်ငံလုံးတွင်ယာဉ်နှင့် ပတ်သက်သည့်အသက်အာမခံကြေး တိုးမြှင့်ကောက်ခံ

တနင်္သာရီတိုင်းဒေသကြီးအပါအဝင် မြန်မာတစ်နိုင်ငံလုံးတွင်၂၀၁၆ ခုနှစ် ဩဂုတ်လမှ စတင်ပြီး ယာဉ်နှင့်ပတ်သက်သည့် အာမခံကြေးများကို တိုးမြှင့် ကောက်ခံနေသည်ဟု တနင်္သာရီတိုင်းဒေသကြီး၊ မြန်မာ့အာမခံလုပ်ငန်းက သိရပါသည်။

အသက်အာမခံကြေးများ တိုးလာသည်နှင့်အညီ အသက်ဆုံးရှုံးမှုနစ်နာကြေးများကိုလည်း တိုးမြှင့်ပေးသွားမည်ဖြစ်ပြီး ယခင်က အသက်ဆုံးရှုံးမှုကို (၅)သိန်းပေးသော်လည်း ယခုအချိန်တွင် နစ်နာကြေး ၁၀ သိန်းပေးမည်ဟု တနင်္သာရီတိုင်းဒေသကြီး၊ မြန်မာ့အာမခံလုပ်ငန်းက တိုင်းဒေသကြီးတာဝန်ခံ ဒေါ်သန္တာစိုးက ပြောပါသည်။

တိုးမြှင့်အာမခံကြေးများအဖြစ် ဆိုင်ကယ်တစ်စီးလျှင် လေးထောင်ကျပ်၊ ကားများကို အမျိုးအစားလိုက် ငါးထောင်မှ နှစ်သောင်းကျပ်၊ ဆိုင်ကယ်မောင်းလိုင်စင် အာမခံကြေးမှာ ငါးထောင်ကျပ်၊ မောင်းသင်လိုင်စင်မှာ နှစ်ထောင်ကျပ် ဖြစ်သည်ဟုသိရပါသည်။

## Pokemon ဂိမ်းသည် ကိုယ်ရေးအချက်အလက်အများစုရယူထားသည့်အတွက် မိမိကိုယ်ရေးအချက်အလက်များမလုံခြုံမှုကိုဖြစ်စေကြောင်း ပညာရှင်အချို့သုံးသပ်

Pokemon ဂိမ်းသည် ကိုယ်ရေးအချက်အလက်အများစုကို ရယူထားသည့်အတွက် လုံခြုံမှုမရှိနိုင်ကြောင်း ကွန်ပျူတာနည်းပညာရှင်များနှင့် လွှတ်တော်ကိုယ်စားလှယ်များက ပြောဆိုနေကြပါသည်။

Pokemon ဂိမ်းသည် Google က ကိုယ့်အကောင့်အချက် အလက်များ၊ ဓါတ်ပုံများ၊ တည်နေရာအချက်အလက် များယူထားပြီး Pokestop များ မရှိစေချင်သည့် နေရာများအတွက် Report ပြန်တင်ခြင်းမှာပိုမိုကောင်းမွန်သည်ဟု နည်းပညာရှင်တစ်ယောက်ဖြစ်သည့် ကိုကိုရဲက ပြောပါသည်။

Pokemon Go ဂိမ်းကြောင့် ဂိမ်းကစားသူများကိုယ်တိုင်ထိခိုက်ခြင်းအပြင် ပတ်ဝန်းကျင်ကိုလည်း ထိခိုက်စေခြင်းများ ဖြစ်ပေါ်နိုင်သည်ဟုနည်းပညာရှင်တစ်ယောက်လည်းဖြစ်သလို တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ်တစ်ယောက်လည်းဖြစ်သည့်ဦးနေဘုန်းလတ်က ပြောပါသည်။

Pokemon Go ဂိမ်းကိုတော့ မြန်မာနိုင်ငံတွင်ဩဂုတ် (၆) ရက်က စတင်ကာ ကစားခွင့်ရခဲ့ပြီး Pokémon အကောင်များကို အပြင်ကမ္ဘာတွင် လိုက်ဖမ်း၍ဆော့ရသည့် ဂိမ်းတစ်မျိုးလည်း ဖြစ်ပါသည်။





## ကျိုင်းတုံနှင့်မိုင်းပျဉ်းမြို့နယ်တို့၌၂၀၁၇-၂၀၁၈တွင်မဟာဓါတ်အား လိုင်းမှလျှပ်စစ်မီးရရှိမည်ဟုပြည်နယ်လျှပ်စစ်ဝန်ကြီးပြောကြား

ရှမ်းပြည်နယ်၊ ကျိုင်းတုံမြို့နယ်နှင့် မိုင်းပျဉ်းမြို့နယ်တို့မှာ ၂၀၁၇-၁၈ ဘဏ္ဍာနှစ်ထဲ မဟာဓာတ်လိုင်းကတစ်ဆင့် လျှပ်စစ်မီး အပြည့်အဝရရှိမည်ဖြစ်သည်ဟု ရှမ်းပြည်နယ်အစိုးရအဖွဲ့ လျှပ်စစ်စွမ်းအင်နှင့်စက်မှုဝန်ကြီး ဦးသိန်းဆွေက ကတိပြုပြောကြားလိုက်ပါတယ်။ပြည်ထောင်စုအစိုးရ၏ ခွင့်ပြုချက်ဖြင့်မိုင်းပျဉ်းမြို့နယ်နှင့် ကျိုင်းတုံမြို့နယ်ကို မဟာဓါတ်အားလိုင်းသွယ်တန်းရေး၊ဓါတ်အားရုံ တည်ဆောက်ရေးအတွက် ကိုရီးယားနိုင်ငံက ပညာရှင်များနှင့် မြန်မာနိုင်ငံက ကျွမ်းကျင်ပညာရှင်များ လက်တွဲပူးပေါင်းဆောင်ရွက်နေသည့် လျှပ်စစ်စွမ်းအင်ဝန်ကြီး ဦးသိန်းဆွေက ပြောပါသည်။

ကျိုင်းတုံမြို့နယ်တွဲဘက်ပြည်နယ် လျှပ်စစ်အင်ဂျင်နီယာရုံးအစည်းအဝေးခန်းမတွင် ဌာနဆိုင်ရာများနှင့်ဝန်ကြီးတို့ ဩဂုတ် လ(၁၃)ရက်နေ့ တွေ့ဆုံခြင်း၌ ယခုကဲ့သို့ ပြောကြားခဲ့ခြင်းဖြစ်ပါသည်။

မိုင်းပျဉ်းမြို့နယ်နှင့်ကျိုင်းတုံမြို့နယ်သို့ သံလွင်မြစ်ကို ဖြတ်သန်းပြီး သွယ်တန်းမည့် မဟာဓါတ်အားလိုင်းအတွက် လမ်းကြောင်း ရွေးချယ်တိုင်းတာ၍ ဓါတ်အားခွဲရုံ ဆောက်လုပ်ရန် မြေနေရာရှာဖွေခြင်းနှင့် ကုန်ကျစရိတ် တွက်ချက်ခြင်းများကိုလည်း ဆောင်ရွက် ထားသည်ဟု ကျိုင်းတုံမြို့တွဲဘက်ပြည်နယ် လျှပ်စစ်အင်ဂျင်နီယာမှူးထံမှ သိရပါသည်။ကျိုင်းတုံမြို့တွင် ယခုအချိန်၌ ကျိုင်းတုံစွမ်းအင်ကုမ္ပဏီက ဒေသခံများကို ရိုးရိုးအိမ်သုံးမီတာတစ်ယူနစ် ကို(၁၀၀)ကျပ်နှင့် လုပ်ငန်းသုံးမီတာ တစ်ယူနစ်လျှင်(၁၆၀) ကျပ်နှုန်းဖြင့် ကောက်ခံနေသည်ဟုလည်းသိရပါသည်။

## ယူ-၁၉ (၄)နိုင်ငံဖိတ်ခေါ်ဘောလုံးပြိုင်ပွဲအတွက် ကမ္ဘောဇဘဏ်မှငွေကျပ်သိန်းတစ်ထောင်ပံ့ပိုးမည်

ယူ(၁၉) လေးနိုင်ငံ ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲအတွက် ကမ္ဘောဇဘဏ်က သိန်းတစ်ထောင် ပံ့ပိုးခဲ့သည့် စာချုပ်လက်မှတ် ရေးထိုးပွဲကို ဩဂုတ်လ (၁၇)ရက်နေ့က မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တွင် ပြုလုပ်ခဲ့ကြောင်းသိရပါသည်။

ထိုဖိတ်ခေါ်ပြိုင်ပွဲကို မန္တလေးတိုင်းဒေသကြီး မန္တလာသီရိ အားကစားကွင်းတွင် ဩဂုတ်လ (၂၂) ရက်နေ့မှ (၂၈) ရက်နေ့အထိ ကျင်းပသွားမည် ဖြစ်သည်ဟုလည်း သိရပါသည်။

မြန်မာ့ဘောလုံးလောကတွင် စပွန်ဆာများက အသက်သွေးကြောဖြစ်ပြီး စပွန်ဆာမရှိဘဲ မဖြစ်နိုင်ပါဘူးဟု မြန်မာ နိုင်ငံဘောလုံးအဖွဲ့ချုပ်က အမှုဆောင်အရာရှိချုပ် ဦးဘုန်းနိုင်ဇော်က ပြောပါသည်။

ကမ္ဘောဇဘဏ်အနေနှင့် မြန်မာနိုင်ငံတွင် ကျင်းပသည့် နိုင်ငံတကာပြိုင်ပွဲများကို Co-Sponsor အဖြစ် ပံ့ပိုးကူညီခဲ့သော်လည်း အဓိကစပွန်ဆာအဖြစ် ပထမဆုံးအကြိမ်ပံ့ပိုးကူညီခြင်းဖြစ်ကြောင်းသိရပါသည်။

ကမ္ဘောဇဘဏ် ယူ-၁၉ ဖလား၂၀၁၆ပြိုင်ပွဲကို မြန်မာယူ-၁၉ အသင်းအပါအဝင် ထိုင်းယူ-၁၉၊ ဗီယက်နမ်ယူ-၁၉ နှင့် ဂျပန်နိုင်ငံမှ ဆာပေါ်ရိုယူ-၁၈ အသင်းတို့ပါ ဝင်ယှဉ်ပြိုင်ကြမည် ဖြစ်ပြီး ပထမဆုကို အမေရိကန်ဒေါ်လာ (၁၅၀၀၀)၊ ဒုတိယဆုကို အမေရိကန်ဒေါ်လာ(၁၀၀၀၀)နှင့် တတိယဆုရ အသင်းကို အမေရိကန်ဒေါ်လာ(၅၀၀၀)ချီးမြှင့်သွားမည် ဖြစ်သည်ဟု သိရပါသည်။

## ရေကြီးမှု တွေ့ကြုံနေရသည့် ရောဝတီတိုင်းဒေသကြီး၊ သာပေါင်းမြို့တွင် အလှူပစ္စည်းများလိုအပ်နေ

ရေကြီးမှု တွေ့ကြုံနေရသည့် ရောဝတီတိုင်းဒေသကြီး၊ သာပေါင်းမြို့သို့ အလှူရှင်များလာရောက်နေသော်လည်း တစ်မြို့နယ်လုံးကို အလှူပစ္စည်းများမရောက်ရှိသေးကြောင်း ကူညီရေးလုပ်ဆောင်ပေးနေသည့်သူများထံမှသိရပါသည်။သာပေါင်းတစ်မြို့လုံးသည် လမ်းပန်းဆက်သွယ်ရေးအခက်အခဲများရှိသည့်အတွက် ထောက်ပံ့မှုများတစ်ချို့နေရာသို့ မရောက်ရှိသေးခြင်း ဖြစ်သည်ဟုလည်း သိရပါသည်။

သာပေါင်းမြို့နယ်ရှိ ရေဘေးသင့်ဒေသခံများအတွက် အဓိကလိုအပ်သည်မှာ ဆန်၊ ဆေးဝါးနှင့် တစ်ခြားစားသောက်ကုန်များ ဖြစ်သည်ဟု ဒေသခံများထံမှသိရပါသည်။ သာပေါင်းမြို့နယ်ထဲတွင် ရပ်ကွက်နှင့် ကျေးရွာအုပ်စုပေါင်း (၇၀)ရှိပြီး (၅၅)အုပ်စုက ရွာပေါင်း(၃၀၀)ကျော်မှာရေဘေးသင့်နေခြင်း ဖြစ်ကြောင်းသိရပါသည်။

## ရေဘေးဒဏ်ခံခဲ့ရသည့် လယ်များနှင့် အိမ်များ ပြန်လည် ထူထောင်နိုင်ရန် ကျပ်(၁၇) ဘီလီယံကျော် အသုံးပြုမည်

ရေကြီးရေလျှံဖြစ်ခြင်းကြောင့် ပျက်ဆီးဆုံးရှုံးသွားသည့် လယ်ယာမြေများနှင့် အိုးအိမ်များအတွက် ပြန်လည်ထူထောင်ရေးလုပ်ရန် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုရန်ပုံငွေ ကျပ်(၁၇) ဘီလီယံကျော် အသုံးပြုသွားမည်ဖြစ်သည်ဟု လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနမှ သိရပါသည်။

ယခုလက်ရှိ ရေဘေးသင့်ပြည်သူများအတွက်လည်း အစားအသောက်နှင့် ကျန်းမာရေးစောင့်ရှောက်မှု ပြုလုပ်ရန် ကျပ်သန်း (၄၈၄) သန်းကျော် ထောက်ပံ့ထားသည်ဟု ဆိုပါသည်။ပျက်ဆီးဆုံးရှုံးမှုကြီးမားသည့် လုပ်ငန်းများတွင် သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ တစ်ဆင့် နိုင်ငံတော်သို့ တင်ပြပြီး နိုင်ငံတော်၏ ခွင့်ပြုချက်နှင့် ကုန်ကျစရိတ်ကို တင်ပြသွားမည်ဟု လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန အမြဲ တမ်းအတွင်းဝန် ဦးစိုးအောင်က ပြောပါသည်။

ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ပျက်စီးဆုံးရှုံးမှု စာရင်းများကောက်ခံနေပြီး ရေကျသွားသည့် မြို့နယ်များတွင်ရှိသည့် သဲ၊နုံး တင်ကျန်ခဲ့သောအိမ်များကို ပြုပြင်ဖို့ ပူးပေါင်းဆောင်ရွက်နေသည်ဟုဆိုပါသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေနှင့်လည်း ရေမျောပျက်စီးဆုံးရှုံးသွားသည့် အိမ်များ ပြန်လည်ထူထောင်ရေးနှင့် ရေကြီးနစ်မြုပ်မှုကြောင့် သေဆုံးသွားသူများအတွက် လျော်ကြေးပေးနိုင်ဖို့ ဘတ်ဂျတ် (၈၃.၂၇၉) သန်းကို လည်း ရေကြီးနစ်မြုပ်သည့်တိုင်းဒေသကြီး နှင့် ပြည်နယ်များကို ထောက်ပံ့ထားသည်ဟု သိရပါသည်။

## ပလက်ဝမြို့နယ်ရှိ အခြေခံပညာကျောင်းများတွင် နေ့စား လပေးဆရာ ၊ဆရာမ (၃၂၅)ဦး ဖြည့်ဆည်းခန့် ထားပေးခဲ့ပြီးဖြစ်

ချင်းပြည်နယ် ပလက်ဝမြို့တွင်ရှိသည့် အခြေခံပညာကျောင်းများတွင် နေ့စား လပေးဆရာ၊ ဆရာမ (၃၂၅) ဦးကို ဇူလိုင်လ (၂၆) ရက်နေ့ကတည်းက ခန့်ထားပေးပြီး ဖြစ်သည်ဟုပညာရေးဝန်ကြီးဌာနမှပြည်ထောင်စုဝန်ကြီးဒေါက်တာမျိုးသိမ်းကြီးကပြောပါသည်။

ဩဂုတ် ၁၇ ရက်နေ့ကျင်းပသည့် အမျိုးသားလွှတ်တော်တွင် လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးထပ်(ခ) ဆလိုင်းမျိုးထိုက်၏ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၌ အခြေခံပညာ မူလတန်းကျောင်းနှင့် မူလတန်းကျောင်းများ မရရှိသေးသည့် ရွာများကို ကျောင်းဖွင့်ပေးရန်နှင့် ဆရာ၊ ဆရာမများ လစ်လပ်နေသည့် ကျောင်းများတွင် ၂၀၁၆-၁၇ ပညာသင်နှစ်အတွက် အချိန်မီ ချပေးရန် အစီစဉ်ရှိမရှိ မေးမြန်းခဲ့ခြင်းကို ဒေါက်တာမျိုးသိမ်းကြီးက ပြန်လည် ဖြေကြားခဲ့ခြင်းဖြစ်ပါသည်။

ထို့အပြင်၂၀၁၆-၁၇ ပညာသင်နှစ်တွင်လည်း အခြေခံပညာကျောင်း (၄၉) ကျောင်းကို အဆင့်တိုးမြှင့် ဖွင့်လှစ်နိုင်ရန် စီစဉ်ဆောင်ရွက် နေသည်ဟုလည်းသိရပါသည်။

၂၀၁၅-၂၀၁၆ ပညာသင်နှစ်အထိ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်တွင် အခြေခံပညာအထက်တန်း (၇)ကျောင်း၊ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ) (၃)ကျောင်း၊ အခြေခံပညာ အလယ်တန်းကျောင်း(၃)ကျောင်း၊ အခြေ ခံပညာ အလယ်တန်းကျောင်း (ခွဲ) (၁၇)ကျောင်း၊ အခြေခံပညာ မူလတန်းလွန်ကျောင်း (၂၃)ကျောင်း၊ အခြေခံပညာ မူလတန်းကျောင်း(၁၅၁)ကျောင်းနှင့်အခြေခံပညာ မူလတန်းကျောင်း(ခွဲ)(၇၄)ကျောင်း စုစုပေါင်း အခြေခံပညာကျောင်းပေါင်း(၂၉၈)ကျောင်းကို ဖွင့်လှစ်နိုင်ခဲ့ပြီး ကိုယ့်အားကိုယ်ကိုး မူလတန်းကျောင်း (၂၇) ကျောင်းရှိသည်ဟု သိရပါသည်။

## မော်လမြိုင်အထွေထွေရောဂါကုဆေးရုံကြီးသို့ SCG မှ မျက်စိအတွင်းတိမ်ရောဂါခွဲစိတ်ရေးစက် လှူဒါန်းမည်

Siam Cement Group မှ မော်လမြိုင်အထွေထွေရောဂါကု ဆေးရုံကြီးတွင် မျက်စိအတွင်းတိမ်ရောဂါ ခွဲစိတ်ကုသရေးစက်ကိရိယာကို လှူဒါန်းမည်ဟု ဩဂုတ်လ (၁၇) ရက်နေ့ ၌ ထုတ်ပြန်ထားပါသည်။ ယခုကဲ့သို့လှူဒါန်းခြင်းသည် မျက်စိတိမ်ခွဲစိတ်ကုသမှု ရွှေ့လျားအစီစဉ်ဖြစ်သည့် ၂၀၁၅ စီမံကိန်း Sharing A Brighter Vision ၏ တိုးချဲ့ အစီစဉ်တစ်ရပ်ဖြစ်သည်ဟု SCG ၏ တာဝန်ရှိသူတစ်ဦးက ပြောပါသည်။

ထိုစက်ကိရိယာလှူဒါန်းခြင်းကို ဩဂုတ်လ (၂၃) ရက်နေ့တွင် မော်လမြိုင်မြို့နယ် ပြည်သူ့ဆေးရုံကြီးတွင် ပြုလုပ်သွားမည်ဟု သိရပါသည်။ စက်ကိရိယာ လှူဒါန်းတဲ့အခမ်းအနားကို ဩဂုတ် ၂၃ ရက်၊ နံနက်ပိုင်းတွင် မော်လမြိုင်မြို့နယ် ပြည်သူ့ ဆေးရုံကြီး၏ အစည်းအဝေးခန်းမတွင် ပြုလုပ်သွားမည်ဟုလည်း သိရပါသည်။
ယခုအချိန်တွင် SCG ၏ မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ်၌ရှိသည့် MCL ဘိလပ်မြေစက်ရုံမှာ စက်ရုံလည်ပတ်ရန်လိုအပ်သည့် လျှပ်စစ်ဓါတ်အားကို ကျောက်မီးသွေးမှ ထုတ်ယူအသုံးပြုနေခြင်းကြောင့် စက်ရုံတည်ရှိရာ ဝန်းကျင်ကျေးရွာများရှိ ဒေသခံများက ကန့်ကွက်ထားကြောင်းသိရသည်။




# မွန်ဆီညော် Cornelius (Gorgornius) U Kyaw Khine R.I.P(ပြည်သာသနာ)



Msgr. Cornelius (Gorgornius) U Kyaw Khine သည် အဖ George ဦးစောအုန်းရင် နှင့်အမိ Catherine ဒေါ်အုန်းတို့၏ သားသမီး (၅) ယောက်အနက် အကြီးဆုံး သားဦးရတနာဖြစ်ပါသည်။

Msgr. U Kyaw Khine ကို လက်ပံတန်းမြို့နယ်၊ (သုံးဆယ်သာသနာ) ကညင်တကိုင်းကျေးရွာတွင်၊ ၁၉၄၀-ခုနှစ်၊ စက်တင်ဘာလ (၉) ရက်၊ တနင်္လာနေ့တွင် ဖွားမြင်ခဲ့ပါသည်။

Msgr.သည် မူလတန်းပညာကို မိမိ၏မွေးရပ်ဇာတိကျေးရွာတွင်သင်ယူခဲ့ပြီး စတုတ္ထတန်း သို့ရောက်သောအခါ ကွမ်းသီးတစ်ပင်ရွာ၊ ဆရာကြီး ဦးဘသောင်းနှင့် ဆရာမကြီး ဒေါ်စီကားတို့၏ ကျောင်း၌ ပညာသင်ကြားခဲ့ရာ စကောလားရှစ်နှင့် အောင်မြင်ခဲ့ပါသည်။ ၎င်းနောက် အလယ်တန်းနှင့် အထက်တန်းပညာရပ်များကို ပုသိမ်မြို့၊ မရမ်းချောင်းဗဟို ယောက်ျားလေးကျောင်းတွင်ဆက်လက်ဆည်းပူးခဲ့ရာ ၁၉၅၈-ခုနှစ်တွင် အထက်တန်းပညာရပ်ကို အောင်မြင်ခဲ့ပါသည်။ ၎င်းနောက် ရဟန်းဘောင်သို့ခေါ်တော်မူခြင်း ခံရသည်ဖြစ်၍ ၁၉၅၈-ခုနှစ် ဇွန်လ တွင် ရန်ကုန်မြို့ရှိ အခြေခံရဟန်းဖြစ်သင်ကျောင်း (Minor Seminary) သို့ဝင်ရောက် ခဲ့ပါသည်။ ၎င်းMinor seminary တွင် ဘုန်းတော်ကြီး Fr. လွှားဆုံး နှင့် Fr. ဂျင်နကင်း တို့ထံမှ Latin ဘာသာရပ်ကို (၂)-နှစ်တာလေ့လာဆည်းပူးခွင့်ရပြီး ၁၉၆၀-ခု နှစ်တွင် ရန်ကုန်ရဟန်းဖြစ်တက္ကသိုလ် (Major Seminary) သို့ဝင်ရောက်ကာ ဒဿနိကဗေဒ ပညာရပ်ကို ၂-နှစ်၊ ဓမ္မသကြီုလ်ပညာရပ်ကို ၄-နှစ်တာသင်ယူခဲ့ပြီး ၁၉၆၆-ခု၊ စက်တင်ဘာလ (၃) ရက်နေ့တွင် Archbishop Victor Bazin လက်တော်မှ ဦးပဇင်းသိက္ခာကို လည်းကောင်း၊ ၁၉၆၇-ခု နှစ် မတ်လ (၁၈) ရက်နေ့တွင် ပြည်မြို့၊ စိန်ပေါလ်ဘုရားကျောင်း၊ အားကစားကွင်းကြီးတွင် လာဆလက်သာသနာပြု ဆရာတော်ကြီးတောမတ်စ်၊ ဂျွန်နူးမင်းလက်တော်မှ ရဟန်းသိက္ခာကိုလည်းကောင်း ခံယူရရှိခဲ့ပါသည်။ သို့ဖြစ်၍ကိုယ်တော်သည် ပြည်သာသနာ၏ တိုင်းရင်းသား ရဟန်းတော်များတွင် အဦးဆုံး တိုင်းရင်းသား ရဟန်းတစ်ပါးအဖြစ် သမိုင်းမှတ်ကျောက် တင်နိုင်ခဲ့ပါ သည်။

ရဟန်းသိက္ခာခံယူပြီးနောက် ဘုန်းတော်ကြီးဦးကျော်ခိုင်သည် သာသနာ အမှုတော်မြတ်ကို သရက်၊ စစ်တွေ၊ သံတွဲ၊ ပြည်၊ ဥသျှစ်ပင်စသော ဒေသအသီးသီး၌ တာဝန်ထမ်းဆောင်ခဲ့ပါသည်။

သရက်တိုက်နယ်တွင် အမှုတော်ထမ်းဆောင်ရာတွင်၊ ယခုမင်းတုန်းတိုက်နယ်-ရွှေပန်းတောတိုက်နယ် တို့၌လည်း တာဝန်ထမ်းဆောင်ခဲ့ရပါသည်။ စစ်တွေ တိုက်နယ်တွင် သာသနာအမှုတော်ထမ်း ဆောင်ရာတွင်၊ ယခု မင်းပြား၊ မြေပုံ၊ ကျောက်ဖြူ၊ ပလက်ဝ၊ ဥဿလင်းဝ၊ ခဝဲ၊ သံထောင်၊ ဆမီးတိုက်နယ်များအပါအဝင် သာသနာပြု တာဝန်ထမ်းဆောင်ခဲ့ပါသည်။ သံတွဲတိုက်နယ်တွင်အမှုတော်ထမ်းဆောင်ရာတွင် ယခုတိုက်နယ်များ ဖြစ်သော ချောင်းသာနှင့် တောင်ကုတ်တိုက်နယ်ခွဲများအပါအဝင် သာသနာပြုခဲ့ပါသည်။

သို့ဖြစ်၍ Msgr Cornelius U Kyaw Khine သည် ပြည်သာသနာ (Pyay Diocese) တစ်ခုလုံး နေရာအနှံ့ရောက်ခဲ့ပြီး သာသနာအမှုတော်ကို ထမ်းဆောင်ခဲ့သူဖြစ်ကြောင်းသိရှိရပါသည်။

၁၉၉၀-ခုနှစ်တွင် နှစ်၂၀၀၀ မဟာဂျူဘီလီအထိမ်းအမှတ် ရောမတွင်ပြုလုပ်သော တစ်ကမ္ဘာလုံးဆိုင်ရာ ရဟန်းတော်များ၏ ဝတ်စောင့်ပွဲသို့ တက်ရောက်၍ ဝတ်စောင့်ခြင်းပြုလုပ်ခဲ့ပါသည်။

အမေရိကန်နိုင်ငံ၊ ကင်းဆပ်ပြည်နယ်၊ ဆလိုင်းနားသာသနာ (Salina Diocese) တွင်လည်း သာသနာပြုလုပ်ငန်းလုပ်ဆောင်ရန် အခွင့်အရေးရရှိခဲ့၍၂၀၀၇-ခုနှစ်မှ၂၀၁၀-ခုနှစ် အထိ(၃)နှစ်တာမျှသွားရောက်အမှုတော် ထမ်းဆောင်ခဲ့ပါသည်။ သို့သော် ဘုန်းတော်ကြီးသည်ကျန်းမာရေးအခြေ အနေအရ ၂၀၁၀-ခုနှစ် နိုဝင်ဘာလတွင် မြန်မာပြည်သို့ပြန်လာကာ တာဝန်မှ အနားယူခဲ့ပါသည်။

ဤကဲ့သို့အနားယူစဉ် ဒုတိယအကြိမ် ကင်ဆာဝေဒနာ ပြန်လည်ဖြစ်ပေါ်လာသည့်အတွက် ၂၀၁၆-ခုနှင့် ဩဂုတ်လ (၁၅) ရက်၊ မယ်တော်သခင်မကောင်းကင်ဘုံသို့ပင့်ဆောင်ခြင်းခံရသောပွဲနေ့ နံနက် (၅း၃၀) နာရီတွင် ခရစ်တော်၏ ရင်ခွင်တော်၌ ငြိမ်းချမ်းစွာ ထာဝရ အိပ်ပျော်သွားခဲ့ပါသည်။

ဘုန်းတော်ကြီး Msgr Cornelius ကျော်ခိုင်၏ အသက်ဝိညာဉ်တော်သည် အသနားတော်မြတ်ခံရ၍ ငြိမ်သက်ချမ်းသာစွာရှိပါစေသော။ အာမင်။

**"အကယ်စဉ်စစ် ကျွန်ုပ်သည် ကျေးဇူးတော်နှင့် ကရုဏာတော်ကိုတစ်သက်လုံးခံစား၍ ထာဝရဘုရား၏ အိမ်တော်မှာ အစဉ်အမြဲ နေရပါလိမ့်မည်" ဆာလံကျမ်း ၂၃း၆**

**(Pyay Diocese)**

## CBCM-Herald အလှူရှင်များ

| | | |
|---|---|---|
| ၁ | ဦးဩဂုတ်စတင်းမိသားစု (ရန်ကုန်) | ၅ ၀၀၀ |
| ၂ | ဦးဂျွန်မိသားစု (ပြင်ဦးလွင်) | ၁၀ ၀၀၀ |
| ၃ | ဒေါ်စန်းကြည်(လားရှိုး) | ၂ ၀၀၀ |
| ၄ | ဒေါ် မယော်နန် (လားရှိုး) | ၃ ၅၀၀ |
| ၅ | ကျောင်းဒကာ မာတီယာဦးမောင်ဖိုး နောင်ယား(ခ) လှိုင်ကော်မှ ဘုရားသခင်အားကျေးဇူးတင်ခြင်းအတွက်စက်တင်ဘာလတစ်လစာ | ၃ ၀၀၀ |
| ၆ | ပါစကားမန်စွမ်းလျံ၏ အသက်(၃၀)နှစ်ပြည့်မွေးနေ့အတွက် ကျေးဇူးတင်ရှိလျက် သူ၏ခံစားရသော၊ စိတ်ဖိစီးခြင်း၊ စိတ်ဝေဒနာများ၊ ရှိလျက် မသိသောရောဂါများ၊ ရှိရန်တာစုနေသော ရောဂါများအတွက် ဆုတောင်းပေးကြရန်နှင့်နှစ်(၁၀၀) ကျော်တိုင်အောင် အဖဘုရားသခင်အား ယုံကြည်ကိုးစားလျက် ကောင်းချီးမင်္ဂလာများခံစားရရန် | ၅၀၀၀၀ |

## မူးယစ်ဆေးဝါးစတင်ဖြန့်ဖြူးသူအားအဓိက ဖမ်းဆီးရမိရေးကြိုးပမ်းနေကြောင်းတိုင်းရဲမှူးပြောကြား

တနင်္သာရီတိုင်းဒေသကြီးတွင် မူးယစ်ဆေးဝါးဖြန့်ဖြူးရောင်းချသည့် အဓိကတရားခံများကို ဖမ်းဆီးရမိရန်အတွက် ကြိုးပမ်းနေ သည်ဟု တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဦးနေမျိုးက ပြောဆိုလိုက်ပါသည်။ကွင်းဆက်ကိုလိုက်ရင်းနှင့် အလယ်မှာ ပျောက်ကွယ်သွားတတ်ပြီး ပင်ရင်း ကိုမိရန် အစိုးရနှင့် ရဲတပ်ဖွဲ့ဝင်များ အားထည့်ပြီး ကြိုးစားနေကြသည်ဟု ရဲမှူးကြီး ဦးနေမျိုးက ပြောပါသည်။ တနင်္သာရီတိုင်းဒေသတွင် ဇူလိုင်လမှစပြီး ကျေးရွာတစ်ချို့တွင် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအဖွဲ့များကို ဖွဲ့စည်းထားသည်ဟုလည်း သိရပါသည်။ တနင်္သာရီတိုင်းဒေသကြီးတွင်၂၀၁၆ ခုနှစ်အတွင်းမူးယစ်ဆေးဝါး (၂၇၈)မှုဖမ်းဆီးရမိထားသည်ဟုလည်း သိရပါသည်။

**မြစ်မခ**



ကောင်းကင်ဘုံသို့ပင့်ဆောင်ခြင်းခံရသော..... ...စာ(၁၇)




(၃၂)ကြိမ်မြောက် ဒေသနာတော်... စာ(၁၃)



နိုင်ငံတော်တည်ဆောက်ရေးအတွက်.... စာ(၁၅)

## သမ္မာကျမ်းစာဦးဆောင်သူများသင်တန်း



သမ္မာကျမ်းစာဦးဆောင်သူများသင်တန်းကို ဗန်းမော်သာသနာ၏ သမ္မာကျမ်းစာတာဝန်ခံ ဘုန်းတော်ကြီး လဖွန်တူး၏ဖိတ်ကြားချက်အရ ထိုသာသနာတွင် ဩဂုတ်လ ၁၂-၁၆ထိ ပြုလုပ်ခဲ့ပါသည်။ သင်တန်းသို့ သာမန်ဘာသာတူ (၆၅)ယောက်တက်ရောက်ခဲ့ပါသည်။ထိုသင်တန်းကိုFr.စောဘောစကို၊ Fr.မောရစ်ညွှန့်ဝေ၊Sr.အက်စတာဇောင်းနန်း၊Sr.မေရီ လုမိုင်၊Sr.မာဂရက်မေရီတို့မှ ပို့ချပေးခဲ့ရာ ကျောင်းထိုင်ဘုန်းတော်ကြီး ဂျွန်လထော်ဇော်ဒွဲ၏ ကူညီပံ့ပိုးပေးမှုဖြင့်အောင်မြင်စွာပြီးဆုံးခဲ့ပါသည်။ (Bible Commission)



ပုပ်ရဟန်းမင်းကြီးနှင့်ပြင်သစ်သမ္မတတို့ .......စာ(၃)



မာတိကာန်ကဆပ်ကာပ်ဆရာဝန်များကို.....စာ(၅)




အခြေခံသမ္မာကျမ်းစာ....စာ(၉)



မယ်ခိုသာသနာ၏.....စာ(၁၅)